# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၇)


၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၃၀ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၇၀)


## ကြီးအုံကြီးဝတမံကန်ရေပြည့်မှတ်ရောက်ရှိ၊ တမံကြံ့ခိုင်ရေးဆောင်ရွက်



**သူရထွန်း(ပွင့်ဖြူ)**

**ပွင့်ဖြူ ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးရှိ ကြီးအုံကြီးဝရေလှောင်တမံသည် စေတုတ္တရာမြို့နယ် မုန်းချောင်းတမံမှ စီးဆင်းလာသော မုန်းချောင်း၊ ဆီမီးချောင်းနှင့် မိုးတွင်းကာလတွင်သာ စီးဆင်းသော ကြီးချောင်းတို့မှရေကို သိုလှောင်ထားရှိပြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ မဲဇလီရေလွှဲဆည်မှ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးနှစ်သွယ်မှ စိုက်ပျိုးမြေများသို့ ရေဖြန့်ဝေပေးရာ နွေစပါး၊ မိုးစပါး ဧက ၈၂,၀၀၀ ကျော်ကို စိုက်ပျိုးရေပြည့်ဝစွာပေးဝေနိုင်သည့်အပြင် လျှပ်စစ်ဓာတ်အား ၇၄ မဂ္ဂါဝပ်ကိုလည်း ထုတ်ဝေပေးလျက်ရှိသည်။

ကြီးအုံကြီးဝရေလှောင်တမံ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ရေထုတ်လွှတ်ခြင်း၊ စိုက်ပျိုးရေးရေထုတ်ပေါက်မှ ရေထုတ်လွှတ်ခြင်းနှင့် ကန်ရေပြည့်ရေလှောင်ပမာဏထက် ကျော်လွန်လာပါက ပင်မရေပိုလွှဲနှင့် အကူရေပိုလွှဲတို့မှ ရေကျော်ကျခြင်းဟူ၍ ရေထွက်ပေါက်လေးခုဖြင့် တမံကြံ့ခိုင်ကောင်းမွန်ရေးအတွက် စီမံဆောင်ရွက်ထားရှိပြီးဖြစ်သည်။

အဆိုပါရေလှောင်တမံရေိယာသည် စေတုတ္တရာမြို့နယ် နယ်နိမိတ်အတွင်း အများဆုံးကျရောက်နေပြီး တမံမှ စေတုတ္တရာမြို့တောင်ဘက်အထိ ရေမိုင် ၁၄ မိုင် ရှည်လျားသည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ရက်ပိုင်း ကိုမန်မုန်တိုင်း၏ နောက်ဆက်တွဲအဖြစ် မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုကြောင့် ရေပိုလွှဲ၏ သတ်မှတ်ရေထုသည် စီးနှုန်းထက် ကျော်လွန်ခဲ့ပြီး ပင်မရေပိုလွှဲ၏အောက်ဘက်တွင်လည်း ရေတိုက်စားမှုကြောင့် ပျက်စီးမှုများကို ကာကွယ်ပြင်ဆင်ထားရှိပြီးဖြစ်သည်။

ကြီးအုံကြီးဝရေလှောင်တမံ၏ အထက်ဘက်တွင်ရှိသော မုန်းချောင်းရေလှောင်တမံတွင် ရေပြည့်အမှတ်သို့ရောက်ရှိရန် ခြောက်ပေအလိုတွင်


*စာမျက်နှာ ၃ ကော်လံ ၁* ✻




**မြန်မာနိုင်ငံနှင့် IAEAတို့အကြား ပူးပေါင်းဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး**


*စာမျက်နှာ - ၃*


**မျိုးဆက်သစ်တို့ အတုယူဖွယ်ရာစိတ်ဓာတ်နှင့် သန္နိဋ္ဌာန်ကို အထင်အရှားပြသနိုင်ခဲ့သဖြင့် မထူးထူးမွန်ကို ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်**


*စာမျက်နှာ - ၄*


## မဟာမဲခေါင်ဒေသခွဲစီးပွားရေးစင်္ကြံ အိန္ဒိယ-ကော့ကရိတ်လမ်းအဆင့်မြှင့်တင်

**ဘားအံ ဇွန် ၂၉**

ကရင်ပြည်နယ်၏ အဓိကဆက်သွယ်ရေး လမ်းတစ်ခုဖြစ်ပြီး ၁၄၅၀ ကီလိုမီတာအရှည်ရှိသော မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်၌ ချိတ်ဆက်တည်ရှိသည့် အိန္ဒိယ-ကော့ကရိတ်လမ်းအပိုင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း ပန္နက်တင်အခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက ဘားအံမြို့နယ် သာမညကျေးရွာ(လုပ်ငန်းခွင်)၌ ကျင်းပသည်။

ယနေ့ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်သည့် အိန္ဒိယ-ကော့ကရိတ်လမ်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းအား အိန္ဒိယနှင့်ကော့ကရိတ်အကြား စုစုပေါင်း အရှည် ၆၆ ဒသမ ၄ ကီလိုမီတာရှိကာ ကရင်ပြည်နယ်အတွင်း ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအကြား၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ဆက်သွယ်မှုပိုမိုအားကောင်းစေရန် ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဆိုပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံကိန်းညွှန်ကြားရေးမှူး ဦးဝင်းလွင်၊ ADB မှ ကိုယ်စားလှယ် ဦးချိုနိုင်ချမ်း၊ အကြံပေး အင်ဂျင်နီယာကိုယ်စားလှယ် Mr. Young Shik Kim၊ CRBC ဒုတိယဥက္ကဋ္ဌ Mr. Liu Hong၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ဦးစောချစ်သူတို့က ပန္နက်ရိုက်ခဲ့ကြပြီး စီမံကိန်းစတင်ခြင်း အထိမ်းအမှတ် အမှတ်တရသစ်ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အိန္ဒိယ-ကော့ကရိတ်လမ်းအပိုင်း အိန္ဒိယကျေးရွာမှ ကော့ကရိတ်လှိုင်ဝတံတားအထိ လမ်းအရှည် ၄၁ ဒသမ ၂၅ မိုင်ခန့် (၆၆ ဒသမ ၄ကီလိုမီတာ)အား ယာဉ်အမျိုးမျိုးအတွက် သင့်လျော်သော ၁၀ မီတာ အကျယ်ရှိ နှစ်လမ်းသွား ကတ္တရာကွန်ကရစ်လမ်းမကြီးကို အာဆီယံစံချိန်စံနှုန်းနှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလမ်းအပိုင်းတွင်


*စာမျက်နှာ ၃ ကော်လံ ၂* ✻



KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# အတုယူဖွယ်ရာ ကြိုးစားအားထုတ်သူ

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ပြီးခဲ့သည့် ဇွန် ၁၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် နိုင်ငံခြားစာစစ်ဌာနများ အပါအဝင် စာမေးပွဲဝင်ရောက်ဖြေဆိုသူ ၇၁၆၁၈၈ ဦးရှိသည့်အနက် ၂၄၂၇၃၆ ဦး အောင်မြင်ခဲ့သည်။ အောင်ချက်ရာခိုင်နှုန်း ၃၃ ဒသမ ၈၉ ရှိခဲ့သည်ဟု ထုတ်ပြန်ကြေညာချက်များအရ သိရှိခဲ့ရသည်။

သိပ္ပံဘာသာတွဲ၊ ဝိဇ္ဇာဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲ စသည်ဖြင့် ဘာသာတွဲအလိုက်စစ်မေးသော မေးခွန်းများကို ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများမှာ နေထိုင်ရာဒေသ၊ မိသားစုအခြေအနေ၊ ဘဝအခြေအနေ၊ ဉာဏ်ရည်အဆင့်အတန်း စသည်ဖြင့် မတူညီသော၊ ကွဲပြားခြားနားသော ဖြစ်တည်မှုများမှသည် ကံ၊ ဉာဏ်၊ လုံ့လ၊ ဝီရိယတို့ကို အခြေပြုကာ အောင်မြင်မှု သို့မဟုတ် ရှုံးနိမ့်မှုတို့ကို လက်ခံခဲ့ကြရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မိမိတို့စိုက်ပျိုးခဲ့သမျှ မိမိတို့ကိုယ်တိုင် ပြန်လည်ရိတ်သိမ်းရခြင်းပင်ဖြစ်သည်။

ဖခင်ကွယ်လွန်၊ မိခင်မှာတောင်သူ၊ မိသားစုစားဝတ်နေရေးက အဆင်မပြေ၊ ကိုယ်တိုင်မှာလည်း မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းမှုများကြောင့် အများနည်းတူ ဉာဏ်ရည်ပြည့်စုံသည့်တိုင်အောင် ပညာသင်ယူရန် ခက်ခက်ခဲခဲ အားထုတ်ခဲ့ရသူ၊ လူမှုကွန်ရက်ကျေးဇူးပြုမှုကြောင့် ကလျာဏမိတ္တနှင့်ကြုံဆုံရပြီး ပညာခရီးကိုဆက်ခဲ့ရသူ၊ တက္ကသိုလ်ဝင်တန်းကို ပထမအကြိမ် ဝင်ရောက်ဖြေဆိုရာတွင် မအောင်မြင်ခဲ့သော်လည်း ရှုံးနိမ့်မှုကိုအလျှော့မပေးဘဲ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးစားအားထုတ်မှု၊ အလှူရှင်ပုဂ္ဂိုလ်၏ ကူညီပေးမှု၊ မိခင်၏အားပေးစောင့်ရှောက်မှုတို့ဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သူ မထူးထူးမွန်အား ၂၀၁၇ ခုနှစ် ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံးမှ ထုတ်ပြန်သည့် ကျေးဇူးတင်လွှာတွင် ရွေးချယ်ဖော်ပြခဲ့သည်။ “ခက်ခဲကြမ်းတမ်းသောဘဝကို ရန်လိုစိတ်ပျက်ခြင်း အလျဉ်းမရှိဘဲ ကြိုးပမ်းအားထုတ်ခဲ့သော မထူးထူးမွန်သည် ယနေ့ခေတ်လူငယ်များအတွက် အတုယူဖွယ်ရာ ကြိုးစားအားထုတ်မှု သင်္ကေတတစ်ရပ် ဖြစ်လာခဲ့ပါပြီ” ဟူ၍လည်း ကျေးဇူးတင်လွှာတွင် ထုတ်ဖော်ချီးကျူး ဂုဏ်ပြုထားသည်ကို တွေ့ရသည်။ ဤသည်မှာ တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးမှုကြောင့် ကိုယ့်အသက်ကိုပင် ပြန်ရန်ရှာခဲ့သည့်ဖြစ်စဉ်များ၊ စာမေးပွဲရှုံးနိမ့်မှုကို တစ်ဘဝစာ ဘဝပျက်စီးသွားသည့်နှယ် ခံယူမှုလွဲမှားခဲ့သူများကို လမ်းညွှန်ပြသထားသည့် အလင်းတံခါးဟုလည်း ဆိုရမည်ဖြစ်သည်။

ဘဝအောင်မြင်ရာ အောင်မြင်ကြောင်းအတွက် အဆုံးအမသြဝါဒများ၊ လမ်းညွှန်ချက်များ၊ အကြံပြုချက်၊ သွန်သင်ချက်များကို ဘာသာတရားအသီးသီး၌လည်းကောင်း၊ ဆရာအဆူဆူတို့၏ တက်ကျမ်းများတွင်လည်းကောင်း တွေ့နိုင်သည်။ ဗုဒ္ဓဝါဒအလိုအားဖြင့်မူ ဘဝအောင်မြင်ရေးတွင် အဓိပတိထိုက်သော စေတသိက်လေးပါးဖြစ်သည့် ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိနှင့် ဝီမံသာဓိပတိ(ပညာ)တို့သည် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံစေသော အထောက်အပံ့များပင်ဖြစ်သည်။ အလွန်တရာ ပြင်းပြသည့်ဆန္ဒ၊ အလွန်တရာထက်သန်သည့် ဝီရိယ၊ အလွန်တရာခိုင်ခံ့သည့် စိတ်ဓာတ်၊ အလွန်တရာကြီးမားမြော်မြင်သည့် ပညာတို့က ဘဝတွင် မည်သို့သော အတားအဆီး၊ အခက်အခဲ၊ အန္တရာယ်ရန်စွယ်ဟူသမျှကိုမဆို ရင်ဆိုင်ကျော်လွှားအောင်မြင်စေနိုင်သည်ချည်းဖြစ်သည်။

ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် သူတော်စင်သီလရှင်ကြီး မာသာထရီဇာ (၁၉၁၀-၁၉၉၇) က လူ့ဘဝဖြစ်တည်မှုနှင့်ပတ်သက်၍ အကျိုးရှိရှိအသုံးချရန်၊ ပကတိအတိုင်းခံယူရန်၊ အကောင်းဘက်ကရှုမြင်ရန်၊ လူတစ်ယောက်အဖြစ် တာဝန်ယူရန်၊ အကောင်းအဆိုးတို့ကို ရင်ဆိုင်ရန်တိုက်တွန်းခဲ့သည်။ အထူးသဖြင့် လူအဖြစ် ဖြစ်တည်လာသော ဘဝသည် တန်ဖိုးကြီးလှသဖြင့် ဖျက်ဆီးမပစ်ရန်နှင့် ကာကွယ်စောင့်ရှောက်သွားရန် အလင်းပြခဲ့သည်။

ဘဝကို ရဲရင့်စွာစိန်ခေါ်ကာ လောကလူ့ရွာတွင် တန်ဖိုးမြင့်မားသော လူသားတစ်ဦး၊ ကမ္ဘာလောကကို ကောင်းကျိုးပြုနိုင်သူတစ်ဦးအဖြစ် အရှယ်သုံးပါး လူသားတိုင်း အားထုတ်နိုင်ကြပါစေကြောင်း။ ။

# ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံး၏ အကြီးအကဲ/သံအမတ်ကြီးအဖြစ် Mr. Kristian SCHMIDT အား ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇွန် ၃၀**

Mr. Kristian SCHMIDT အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံး၏ အကြီးအကဲ/ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

Mr. Kristian SCHMIDT ကို ၁၉၆၇ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ဒိန်းမတ်နိုင်ငံ၌ မွေးဖွားခဲ့ပါသည်။ ၎င်းသည် ပြင်သစ်နိုင်ငံ Droit တက္ကသိုလ်နှင့် ဒိန်းမတ်နိုင်ငံ Copenhagen တက္ကသိုလ်တို့မှ စီးပွားရေးဘွဲ့များကို လည်းကောင်း၊ အီတလီနိုင်ငံ Bologna တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေဘွဲ့ကိုလည်းကောင်း၊ ပြင်သစ်နိုင်ငံ Etudes ကောလိပ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ကိုလည်းကောင်း၊ ဗြိတိန်နိုင်ငံ Cambridge တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်မဟာဘွဲ့ကိုလည်းကောင်း အသီးသီး ရရှိခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဒိန်းမတ်နိုင်ငံ စက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ဒိန်းမတ်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး တို့၌လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၁၃ ခုနှစ် အထိ ဥရောပသမဂ္ဂနှင့် ဥရောပကော်မရှင်တို့၌လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ်မှ လက်ရှိအချိန်အထိ ယူဂန္ဒာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံး၏ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး သုံးဦးရှိသည်။

**(သတင်းစဉ်)**

# ကော့သောင်း(မြန်မာ)-ရနောင်း (ထိုင်း)နယ်စပ် အခြေအနေပုံမှန်ကူးသန်းသွားလာလျက်ရှိ

**ကော့သောင်း ဇွန် ၂၉**

မြန်မာ- ထိုင်း နယ်စပ်မြို့ဖြစ်သည့် ကော့သောင်း- ရနောင်းမြို့များမှ နှစ်နိုင်ငံပြည်သူများ ပုံမှန်ကူးသန်းသွားလာရောင်းဝယ်ဖောက်ကားလျက်ရှိသည်ကို ဇွန် ၂၉ ရက်က တွေ့ရသည်။

လက်ရှိ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ထိုင်းနိုင်ငံမြို့တချို့တွင် ထိုင်းနိုင်ငံ၏နောက်ဆုံးထုတ်ပြန်ခဲ့သည့် အလုပ်သမားဆိုင်ရာ ဥပဒေသစ်အရ မြန်မာနိုင်ငံမှ တရားမဝင်အထောက်အထားမဲ့ လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားတချို့အား အလုပ်ခွင်များနှင့် နေထိုင်ရာနေအိမ်ခန်းများအတွင်း ထိုင်းအာဏာပိုင်များ ဝင်ရောက်စစ်ဆေးဖမ်းဆီးမှုနှင့် မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခြင်းဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိရာ ထိုင်းဥပဒေသစ်အရ ကြီးလေးသည့် ပြစ်ဒဏ်များ သတ်မှတ်ပါရှိသဖြင့် အထောက်အထားမဲ့မြန်မာအလုပ်သမားများနေရပ်ပြန်ကြရန် မြန်မာသံရုံးမှ အသိပေးကြေညာထားကြောင်း သိရသည်။




မြန်မာနိုင်ငံတောင်ပိုင်း ကော့သောင်းမြို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ထိုင်းနိုင်ငံရနောင်းမြို့တွင် အလားတူ ရှာဖွေဖမ်းဆီးနေရပ်ပြန်ပို့မှုဖြစ်စဉ်များ ဖြစ်ပွားခြင်းမရှိသေးသော်လည်း ထိုင်းအာဏာပိုင်များစည်းကမ်းပိုမိုတင်းကျပ်လာပြီး အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်နေသဖြင့် ရနောင်းမြို့ရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမားများ သတိပြုနေထိုင်လုပ်ကိုင်ကြရန် ထိုင်းနိုင်ငံရနောင်းမြို့သို့ ကူးသန်းသွားလာ လုပ်ကိုင်လျက်ရှိသည့် ဒေသခံတစ်ဦးက ပြောသည်။

**ကျော်စိုး (ကော့သောင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၉-၆-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၃၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၇၀၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ · ၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၃ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၁ · ၈၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ · ၀၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၁၀ |
| တရုတ် | တစ်ယွမ် | ၁၉၉ · ၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ · ၅၅ |

မြန်မာ့အလင်း

၁၂၃၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံနှင့် IAEA တို့အကြား ပူးပေါင်းဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency- IAEA) ညွှန်ကြားရေးမှူးချုပ် Mr. Yukiya Amano အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် IAEA မှ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ အဏုမြူနည်းပညာကို ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ရေအရင်းအမြစ်ကဏ္ဍတို့တွင် အသုံးချခြင်းမှတစ်ဆင့် လူသားကောင်းကျိုးကို ဖော်ဆောင်နိုင်မှု၊ မြန်မာနိုင်ငံနှင့် IAEA တို့အကြား ပူးပေါင်းဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency- IAEA) ညွှန်ကြားရေးမှူးချုပ် Mr. Yukiya Amano တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဇွန် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီး H.E.Mr.Steve Marshall နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီး H.E.Mr.Steve Marshall တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

✻ *ရှေ့ဖုံးမှ*

တည်ရှိနေပြီး မုန်းချောင်းရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသော်လည်း ယခုနှစ် ဒေသအတွင်း မိုးဦးကောင်းခဲ့သဖြင့် ဆီမီးချောင်းနှင့် ကြီးချောင်းတို့မှ ဝင်လာသော ရေများကြောင့် ဇွန် ၂၃ ရက်မှစတင်ကာ ကန်ရေပြည့်ခဲ့ပြီး ရေကျော်ခဲ့ခြင်းဖြစ်သည်။

ကြီးအုံကြီးဝ ရေလှောင်တမံတွင် နွေစပါး၊ မိုးစပါး၊ စိုက်ပျိုးနိုင်ရန် ကန်ရေပြည့် ရေသိုလှောင်ထားရှိနိုင်ပြီး တမံကြံ့ခိုင်ကောင်းမွန်မှုကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ အကူရေပိုလွှဲကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ပင်မရေပိုလွှဲအားရေတိုက်စားမှုမဖြစ်စေရန် ကာကွယ်ဆောင်ရွက်ထားရှိပြီး ရေပိုလွှဲများမှ ရေလွှဲရေကျော်နေခြင်းသာဖြစ်၍ ဒေသခံပြည်သူများ စိုးရိမ်စရာမလိုဘဲ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်နိုင်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး (၂)ရုံး တည်ဆောက်ရေး(၃) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရှိရသည်။

✻ *ရှေ့ဖုံးမှ*

RC တံတား ၁၉ စင်း၊ Box Culvert ၇၈ စင်း၊ Pipe Culvert ၁၄ စင်း တို့ကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကာ အာရှဖွံ့ဖြိုးရေးဘဏ် ရန်ပုံငွေချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀၊ အာဆီယံအခြေခံအဆောက်အအုံရန်ပုံငွေချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၊ နိုင်ငံတော်အစိုးရမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၁ ဒသမ ၈ သန်း လျာထား၍ အကုန်အကျခံ ဖောက်လုပ်သွားမည်ဖြစ်သည်။

ထိုလမ်းသည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှ မြန်မာနိုင်ငံ မော်လမြိုင်မြို့ထိသွယ်တန်းလျက်ရှိသော အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်တွင် ချိတ်ဆက်ထားသည့်လမ်းဖြစ်ပြီး မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတကာဆက်သွယ်ရေးအဆင့်မီ အာရှလမ်းမကြီး အမှတ်(၁)၏ အစိတ်အပိုင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ကာ ကျားကလေးနှင့် ဂျိုင်းကြား နှစ်စဉ်ရေနစ်မြုပ်ခြင်းမှ ရှောင်ရှားနိုင်ရန် ၁၈ ကီလိုမီတာလမ်းအပိုင်း တာပေါင်မြှင့်တင်ခြင်း၊ အိန္ဒြ၊ ကော့ကဒဲ၊ သာယာကုန်း၊ ကျုံဒိုးတို့၌ လမ်းဆုံများကို အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ လမ်းကိုအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရန်တိုးချဲ့ခြင်း၊ ကုန်တင်ယာဉ်များနှင့် လူစီးကားများအပြင် မော်တော်ဆိုင်ကယ်များသွားနိုင်ရန် သီးသန့်တည်ဆောက်ခြင်း၊ လမ်းသွားလမ်းလာများနှင့် အနှေးယာဉ်များအတွက် လမ်းပခုံးတည်ဆောက်ခြင်း စသည်ဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီအဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ အိန္ဒြ-ကော့ကရိတ်လမ်းအပိုင်းပြီးစီးပါက နိုင်ငံတကာဆက်သွယ်ရေးလမ်းဖြစ်သည်နှင့်အညီ နိုင်ငံတကာနှင့် ဆက်သွယ်မှုပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်လာခြင်း၊ ကရင်ပြည်နယ်အတွင်း ခရီးသွားလာချိန်လျော့နည်းစေ၍ စရိတ်သက်သာလာခြင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမှ ကင်းဝေးခြင်း၊ လမ်းအန္တရာယ်ကင်းရှင်းခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ခရမ်းစိုးမြင့်**

**စောမျိုးမင်းသိန်း(မြန်/ဆက်)**




မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက်လမ်းမကြီး ပန္နက်တင်ခြင်းအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးစဉ်

# မျိုးဆက်သစ်တို့ အတုယူဖွယ်ရာစိတ်ဓာတ်နှင့် သန္နိဋ္ဌာန်ကို အထင်အရှားပြသနိုင်ခဲ့သဖြင့် မထူးထူးမွန်ကို ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ်ရွေးချယ်

## ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်

နေပြည်တော် ဇွန် ၂၉

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူနိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူများကို ရွေးချယ်၍ ပြည်သူသို့ကျေးဇူးတင်လွှာ ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မွေးရာပါကိုယ်အင်္ဂါချို့ယွင်းမှုများဖြင့် မွေးဖွား ကြီးပြင်းလာသော်လည်း မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားအားထုတ်ကာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့သူ မထူးထူးမွန်ကို ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးမှ ဇွန် ၂၉ ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ကျေးဇူးတင်လွှာ**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်)**

၁။ နိုင်ငံတော်တည်ဆောက်ကြရာတွင် ကုန်ခန်းနိုင်သော သဘာဝသယံဇာတ အရင်းအမြစ်ထက် ရေရှည်တည်တံ့ရှင်သန်နိုင်သော လူ့စွမ်းအားအရင်းအမြစ်ကသာ အဓိကကျပါသည်။ အထူးသဖြင့် လူငယ်လူရွယ်တို့သည် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့်သူများဖြစ်ရာ ယနေ့လူငယ်များသည် အထူးပင်အရေးကြီးလှသော အခန်းကဏ္ဍ၌ တည်ရှိနေပါသည်။ (၂၁)ရာစု ကမ္ဘာကြီးကို ရင်ဆိုင်ရမည့် လူငယ်များ အနေဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံကုံလုံရန်သာမက ခိုင်မာသောစိတ်ဓာတ်၊ ကောင်းမွန်သော စာရိတ္တ၊ ပြင်းပြသော ဝီရိယတို့ဖြင့် ပြည့်ဝနေရန် အရေးကြီးလှပါသည်။ ခက်ခဲကြမ်းတမ်းသောဘဝကို ရန်လိုစိတ်ပျက်ခြင်း၊ အလျှဉ်းမရှိဘဲ ကြိုးပမ်းအားထုတ်ခဲ့သော မထူးထူးမွန်သည် ယနေ့ခေတ် လူငယ်များအတွက် အတုယူဖွယ်ရာကြိုးစားအားထုတ်မှု သင်္ကေတတစ်ရပ်ဖြစ်လာခဲ့ပါပြီ။

၂။ မထူးထူးမွန်အား စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာတွင် အဖ ဦးမြင့်ငွေ (တောင်သူ/ကွယ်လွန်)နှင့် အမိ ဒေါ်စက်ငွေ (တောင်သူ)တို့မှ ၂၇-၁၀-၁၉၉၈ ရက်နေ့တွင် ကိုယ်အင်္ဂါချို့ယွင်းမှုများစွာဖြင့် မွေးဖွားခဲ့ပါသည်။ မွေးချင်းမောင်နှမ (၃)ဦးရှိပြီး အငယ်ဆုံးသမီးဖြစ်သော မထူးထူးမွန်သည် မွေးဖွားစဉ်ကတည်းက ညာဘက်လက်တွင် လက်ချောင်းများမပါရှိခဲ့ပါ။ ဝဲဘက်လက် သည်လည်း တံတောင်ဆစ်အထိသာရှိပြီး ခြေထောက်နှစ်ဖက်မှာလည်း ဒူးဆစ်အထိ သာ ပါရှိလာခဲ့သူဖြစ်ပါသည်။

၃။ မိသားစုစားဝတ်နေရေးအဆင်မပြေသော်လည်း မိဘများ၏ အားပေးမှု၊ မထူးထူးမွန်၏ကြိုးစားအားထုတ်မှုတို့ကြောင့် သဖန်းဆိပ်ရွာ၊ အလယ်တန်းကျောင်း တွင် သတ္တမတန်းထိ တစ်နှစ်တစ်တန်း မှန်မှန်အောင်မြင်ခဲ့ပါသည်။ သို့သော်လည်း မိသားစု စီးပွားရေးအခြေအနေအရ ကျောင်းဆက်တက်ရန် မဖြစ်နိုင်တော့သည့် အခြေအနေနှင့် ကြုံတွေ့ခဲ့ရပါသည်။ ယင်းအခြေအနေကို လူမှုကွန်ရက်စာမျက်နှာ တွင် တွေ့ရှိသော အလှူရှင်တစ်ဦး၏ ပညာဒါနဖြင့် အဋ္ဌမတန်းနှင့် နဝမတန်းတို့ကို အောင်မြင်ခဲ့ပြီး ဒသမတန်းပညာကို ဆက်လက်သင်ယူခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ်တွင် ဒသမတန်းကို ပထမဆုံးအကြိမ် ဖြေဆိုခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ သို့ရာတွင် မထူးထူးမွန်၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးစားအားထုတ်မှု၊ အလှူရှင်၏ ပံ့ပိုးမှု၊ မိခင်ဖြစ်သူ၏ အားပေးစောင့်ရှောက်မှုတို့ဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ကလေးမြို့စာစစ်ဌာနတွင် ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်ခဲ့ပါသည်။

၄။ အကြောင်းအမျိုးမျိုးသော မတူကွဲပြားမှုများ၊ ခက်ခဲသော ဘဝပေးအနေအထားများပေါ် အခြေခံ၍ အလိုမပြည့်မှုနှင့် ဘဝကိုမကျေနပ်စိတ်များကြောင့် ခိုက်ရန်ဒေါသပွားများလျက်ရှိသော မျက်မှောက်ကမ္ဘာကြီးတွင် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သည့် မိမိကိုယ်မိမိယုံကြည်စိတ်၊ မလျှော့သော လုံ့လတို့ဖြင့် ကြိုးပမ်း အားထုတ်ခဲ့သူ မထူးထူးမွန်သည် မျိုးဆက်သစ်တို့ အတုယူဖွယ်ရာစိတ်ဓာတ်နှင့် သန္နိဋ္ဌာန်ကို အထင်အရှားပြသနိုင်ခဲ့ပါသဖြင့် ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၅။ မတူကွဲပြားသော်လည်း အများနှင့် ရင်ပေါင်တန်းနိုင်သူ၊ မသန်သော်လည်း စွမ်းဆောင်နိုင်သူအဖြစ် ဘဝကိုရဲရင့်စွာစိန်ခေါ်ကာ သာဓကပြသနိုင်ခဲ့သော မထူးထူးမွန်ကဲ့သို့ပင် ခြားနားမှုများကို ကျော်လွှားနိုင်သော၊ ကွဲပြားမှုများကို ပပျောက်စေနိုင်သော၊ ကမ္ဘာလောကကြီးနှင့် လူ့အဖွဲ့အစည်းကို အကျိုးပြုနိုင်သော ကမ္ဘာ့မိသားစုဝင် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်နိုင်ကြပါစေရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# မွေးရာပါကိုယ်အင်္ဂါချို့ယွင်းသော်လည်း မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကြိုးစားဖြေဆိုအောင်မြင်ခဲ့သူ မထူးထူးမွန်

**ချီးကျူးဂုဏ်ပြုထိုက်သူ မထူးထူးမွန်**

မထူးထူးမွန်သည် ညာဘက်လက်တွင် လက်ချောင်းများမပါရှိခြင်း၊ ဝဲဘက်လက် သည် တံတောင်ဆစ်အထိသာပါရှိခြင်း၊ ခြေထောက်နှစ်ဖက်သည် ဒူးခေါင်းအထိ သာပါရှိခြင်း စသည့် မွေးရာပါကိုယ်အင်္ဂါချို့ယွင်းမှုများဖြင့် မွေးဖွားကြီးပြင်းလာသူ ဖြစ်သော်လည်း မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးစားအားထုတ်မှုတို့ဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုအောင်မြင် ခဲ့သူ လူငယ်တစ်ဦးဖြစ်ပါသည်။

မထူးထူးမွန်အား စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ် ကျေးရွာတွင် အဖ ဦးမြင့်ငွေ (တောင်သူ/ ကွယ်လွန်)နှင့် အမိ ဒေါ်စက်ငွေ (တောင်သူ) တို့မှ ၂၇-၁၀-၁၉၉၈ ရက်နေ့တွင် ကိုယ်အင်္ဂါချို့ယွင်းမှုများစွာဖြင့် မွေးဖွားခဲ့ပါသည်။ မွေးကတည်းက ညာဘက်လက်တွင် လက်ချောင်းများမပါရှိပါ။ ဝဲဘက်လက်သည်လည်း တံတောင်ဆစ်အထိသာပါရှိပြီး ခြေထောက်နှစ်ဖက်မှာ လည်း ဒူးဆစ်အထိသာ ပါရှိလာသူဖြစ်ပါသည်။ မွေးချင်းမောင်နှမ (၃)ဦးရှိပြီး မထူးထူးမွန်မှာ အငယ်ဆုံးသမီးဖြစ်ပါသည်။

မိသားစုစားဝတ်နေရေးအဆင်မပြေသော်လည်း မိဘဖြစ်သူများက ကြိုးစား ရုန်းကန်၍ ကျောင်းထားပေးခဲ့ပြီး မထူးထူးမွန်ကိုယ်၌ကလည်း ကြိုးစားခဲ့သော ကြောင့် သဖန်းဆိပ်ရွာ၊ အလယ်တန်းကျောင်းတွင် သတ္တမတန်းအထိ တစ်နှစ် တစ်တန်း မှန်မှန်အောင်မြင်ခဲ့ပါသည်။ သတ္တမတန်းအောင်မြင်ပြီးနောက် မိသားစု စီးပွားရေးအခြေအနေအရ ကျောင်းဆက်တက်ရန် မဖြစ်နိုင်တော့သည့်အခြေအနေ ကြုံတွေ့ခဲ့ရပါသည်။ ယင်းအခြေအနေကို ဆရာမတစ်ဦးက လူမှုကွန်ရက်စာမျက်နှာ တွင် စေတနာရှင်ရှိပါက ကျောင်းဆက်တက်ချင်ကြောင်း ဖော်ပြခဲ့ပါသည်။ ယင်း ဖော်ပြချက်ကို ဦးခင်မောင်ဆွေ (ခေတ္တ-စင်ကာပူ)က တွေ့ရှိရာမှ ၎င်း၏ငွေကြေး ထောက်ပံ့ပညာဒါနပြုမှုဖြင့် ရွာတိရွာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကို လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျွန်းလှမြို့အထက်တန်းကျောင်းမှ နဝမတန်းကိုလည်းကောင်း အောင်မြင်ခဲ့ပါသည်။ ထိုအချိန်တွင် ဦးခင်မောင်ဆွေမှာ စင်ကာပူမှ ပြန်လည်ရောက်ရှိခဲ့ကာ ကလေးမြို့၌ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း ကျောင်းဖွင့်လှစ်ပြီး မထူးထူးမွန်နှင့် မိခင်ဖြစ်သူတို့အား ထိုသင်တန်းကျောင်းတွင် နေထိုင်စေကာ ဒသမတန်းပညာကို ဆက်လက်သင်ယူစေခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဒသမတန်းကို ပထမဆုံးအကြိမ် ဖြေဆိုခဲ့သော်လည်း ကျရှုံးခဲ့ပါသည်။



သို့ရာတွင် မထူးထူးမွန်၏ ဇွဲ၊ လုံ့လ၊ ဝီရိယ ၊ ကြိုးစားအားထုတ်မှု၊ ဦးခင်မောင်ဆွေ၏ ပံ့ပိုးမှု၊ မိခင်ဖြစ်သူ၏ စောင့်ရှောက်မှုတို့ဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကလေးမြို့ စာစစ်ဌာနတွင် ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်ခဲ့ပါသည်။

**မထူးထူးမွန်၏ ကိုယ်ရေးအကျဉ်း**



ကျွန်မ၏အမည်မှာ မထူးထူးမွန် ဖြစ်ပါသည်။ ကျွန်မကို စစ်ကိုင်းတိုင်း ဒေသကြီး၊ ကျွန်းလှမြို့နယ်၊ သဖန်းဆိပ်ရွာတွင် အဖ ဦးမြင့်ငွေ(ကွယ်လွန်)နှင့် အမိ ဒေါ်စက်ငွေတို့မှ ၂၇-၁၀-၁၉၉၈ ရက်နေ့တွင် ဖွားမြင်ခဲ့ပါသည်။ မွေးချင်း (၃)ဦးအနက် အငယ်ဆုံးဖြစ်ပြီး ကျွန်မတွင် မွေးရာပါကိုယ်လက်အင်္ဂါများ ချို့ယွင်းခဲ့ပါသည်။ ကျွန်မ၏ ညာဘက်လက်တွင် လက်ချောင်းများ မပါရှိခဲ့ပါ။ ထို့ပြင် ဝဲဘက်လက်တွင်လည်း တံတောင်ဆစ်အထိသာ ပါရှိခဲ့ပါသည်။ ခြေထောက်နှစ်ဖက်မှာလည်း ဒူးခေါင်းအထိသာ ပါရှိခဲ့ပါသည်။

ကျွန်မသည် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သောအခါ ဝမ်းသာဝမ်းနည်း ဖြစ်မိပါသည်။ ကျွန်မ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်၍ ဝမ်းသာသည်မှာမှန်သော်လည်း ကျွန်မတက္ကသိုလ် ဆက်တက်နိုင်ရေးအတွက် အဆင်မပြေဖြစ်မည်ကို စိုးရိမ်ပူပန်ကာ ဝမ်းနည်းမိပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာဦးခင်မောင်ဆွေမှ ဒသမတန်းအောင်မြင်သည်အထိသာ တာဝန်ယူပေးမည်ဟု ပြောထားရာ တက္ကသိုလ်ဆက်လက်သင်ကြားနိုင်ရေး အကူအညီလိုအပ်နေပါသေးသည်။

ယခုလက်ရှိ၌ ဦးခင်မောင်ဆွေနှင့်အတူ ပညာတံခွန်-၁ (ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်း)၊ ၁၀၉/၅၊ ပင်လုံရပ်ကွက်၊ ကလေးမြို့ စစ်ကိုင်းတိုင်း ဒေသကြီးတွင် နေထိုင်လျက်ရှိပါသည်။

ဆက်သွယ်ရန် ဖုန်း -၀၉-၇၈၉၁၂၄၂၄၀/၀၉-၂၅၈၁၅၄၆၅၇/၀၉-၃၆၈၄၉၉၀၄

❄ *ကျောဖုံးမှ*

ပထမပွဲတွင် အကောင်းဆုံးခြေစွမ်း မဟုတ်သော်လည်း MNL All-Star အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲထက် ပိုကောင်းသည့်ခြေစွမ်း ကို ပြသနိုင်ခဲ့ပြီး လေးဂိုးသွင်းယူနိုင်ခဲ့ သည့် တိုက်စစ်အတွက်လည်း ကျေနပ် စရာဖြစ်ခဲ့သည်။ မြန်မာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘောဒီးယား အသင်း၏ခြေစွမ်းမှာ သာမန်သာရှိခဲ့ပြီး ယနေ့ကစားရမည့် ဟောင်ကောင်အသင်း သည် ခြေစွမ်းပိုင်းပိုမိုမြင့်မားနေရာ နိုင်ပွဲ ရယူနိုင်ရန် ပိုမိုအားထုတ်ရဖွယ် ရှိနေ သည်။

မြန်မာအသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ပွဲထွက်လူစာရင်း တည်ငြိမ်မှုမရှိသေးဘဲ ယခုပွဲတွင်လည်း အပြောင်းအလဲအချို့ ပြုလုပ်ဖွယ်ရှိနေ သည်။ အထူးသဖြင့် ကွင်းလယ်ခံစစ် နေရာတွင် နှစ်ပွဲကစားအပြီး၌ လူစာရင်း နှစ်မျိုးသုံးခဲ့ပြီး တိုက်စစ်တွင်လည်း သန်းပိုင် ပုံမှန်ခြေစွမ်းမရသေးသော ကြောင့် အောင်သူနှင့် တွဲဖက်ကစားနိုင် မည့် တိုက်စစ်မှူးတစ်ဦး လိုအပ်နေသည်။

ဟောင်ကောင်အသင်းမှာမူ အဖွင့် ပွဲတွင် ရှုံးနိမ့်ထားသောကြောင့် ယခုပွဲတွင် ရုန်းကန်ရဖွယ်ရှိနေပြီး ဟောင်ကောင် လက်ရွေးစင်အသင်း နည်းပြချုပ် ကင်ပန်ဂွန် ကိုင်တွယ် နေသောကြောင့် မြန်မာအသင်း၏ အားနည်းချက်၊ အားသာချက်ကို သိရှိနိုင်ဖွယ်ရှိနေသည်။ ဂျပန်တက္ကသိုလ် အသင်းသည် ယခုပြိုင်ပွဲလာရောက် ယှဉ်ပြိုင်သည့် အသင်းများအနက် ခြေစွမ်းပိုင်း အကောင်းဆုံးအသင်း ဖြစ်နေကာ မြန်မာအသင်းနှင့် နောက်ဆုံးပွဲတွင် ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်လာနိုင်ပြီး အိမ်ရှင် အသင်းအနေဖြင့် ပိုမိုရုန်းကန်ရဖွယ် ရှိနေသည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခု ပြိုင်ပွဲယှဉ်ပြိုင်ရန် ကစားသမား ၂၃ ဦး ရွေးချယ်ထားသော်လည်း မူလလူစာရင်း မှ ကွင်းလယ်ကစားသမား ဇင်ဖြိုးအောင် မှာ ဒူးဒဏ်ရာရရှိနေသောကြောင့် တိုက်စစ်မှူး အောင်ကောင်းမာန်ကို အစားထိုးရွေးချယ်ခဲ့ကြောင်း သိရ သည်။

# မြန်မာ - နယူးဇီလန် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Steve Marshall အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Steve Marshall အား လက်ခံတွေ့ဆုံစဉ်**

# ဥပဒေရေးရာနှင့် သက်ဆိုင်သောကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၉**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံအမတ်ကြီး H.E.Mr. Steve Marshall အား ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဥပဒေရေးရာနှင့် သက်ဆိုင်သော ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မည်သည့်ပညာရေးစနစ်တွင်ဖြစ်စေ ကျောင်းသား ကျောင်းသူများအနေဖြင့် တတ်မြောက်အောင်သင်ယူ ဆရာ၊ မိဘ၊ ကျောင်းသားများ ဟန်ချက်ညီဆောင်ရွက်မှ အောင်မြင်မှုရနိုင်

နေပြည်တော် ဇွန် ၂၉

**နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများအား မန်းအောင်ငြိမ်းဖောင်ဒေးရှင်းက ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။** (အောက်ပုံ)





ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မည်သည့်ပညာရေးစနစ်တွင်ဖြစ်စေ ကျောင်းသား ကျောင်းသူများအနေဖြင့် တတ်မြောက်အောင် သင်ယူရန်လိုအပ်ပါကြောင်း၊ ဆရာများသည် ကျောင်းသား ကျောင်းသူများအား တတ်အောင် သင်ကြားပေးရန် လိုအပ်သကဲ့သို့ မိဘများကလည်း မိမိတို့ ကလေးများ ကျောင်းများတွင် ပညာသင်ယူနိုင်စေရန်နှင့် မည်သို့ ကြိုးစားပညာသင်ယူနေသည်ကို ဆန်းစစ်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ ဟန်ချက်ညီညီပြုလုပ်နိုင်ပါက ကျောင်းသားသည် အောင်မြင်ပါကြောင်း၊ ထို့ကြောင့် ဆရာ၊ မိဘ၊ ကျောင်းသားများအနေဖြင့် ဟန်ချက်ညီအောင်ဆောင်ရွက်နိုင်ပါမှ အောင်မြင်မှုရနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ရာ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ခြောက်ဘာသာဂုဏ်ထူးနှင့် ငါးဘာသာ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများကို လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အတွင်းရေးမှူး ဦးခင်မောင်ထွန်းက လေးဘာသာဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်က သုံးဘာသာဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးစံရွှေအောင်က နှစ်ဘာသာဂုဏ်ထူး ရရှိသည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းက တစ်ဘာသာဂုဏ်ထူး ရရှိသည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇေယျာသီရိမြို့နယ်မှ အောင်ချက်အကောင်းဆုံး ကျောင်းများအား ဆုချီးမြှင့်ရာ နေပြည်တော်တိုင်းပညာရေးမှူး ဦးမျိုးဝင်းအောင်က အောင်ချက်အကောင်းဆုံး ပထမရရှိသော အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အောင်ချက်အကောင်းဆုံး ဒုတိယရရှိသော အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် အောင်ချက်အကောင်းဆုံး တတိယရရှိသော အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း (ကျည်တောင်)တို့မှ ကျောင်းအုပ်ကြီးများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မဆုလဲ့ပိုပိုက ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။
**(သတင်းစဉ်)**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၅ / ၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်)**

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးတို့အား ယှဉ်တွဲပါအတိုင်းအစားထိုးပြောင်းလဲလိုက်သည်-

(က) **ကရင်ပြည်နယ်လွှတ်တော်**
ကြည်း ၁၈၆၃၇ ဗိုလ်မှူးကြီး အောင်လွင် အစား ကြည်း ၂၂၆၀၇ ဗိုလ်မှူးကြီး မျိုးမင်းနောင်

(ခ) **ချင်းပြည်နယ်လွှတ်တော်**
ကြည်း ၂၁၁၂၃ ဗိုလ်မှူးကြီး ကျော်ကျော် အစား ကြည်း ၂၅၉၉၅ ဗိုလ်မှူးကြီး ဟန်ဝင်းအောင်

(ဂ) **မကွေးတိုင်းဒေသကြီးလွှတ်တော်**
ကြည်း ၂၀၅၉၅ ဗိုလ်မှူးကြီး နိုင်ဦး အစား ကြည်း ၂၀၈၂၅ ဗိုလ်မှူးကြီး မင်းဦး

(ဃ) **မန္တလေးတိုင်းဒေသကြီးလွှတ်တော်**
ကြည်း ၂၁၆၅၈ ဗိုလ်မှူးကြီး မျိုးမင်းအောင် အစား ကြည်း ၂၆၁၀၉ ဗိုလ်မှူးကြီးကျော်ကျော်မင်း

(င) **ရခိုင်ပြည်နယ်လွှတ်တော်**
ကြည်း ၁၇၅၁၇ ဗိုလ်မှူးကြီး ထိန်လင်း အစား ကြည်း ၂၂၆၆၆ ဗိုလ်မှူးကြီး ဖုန်းတင့်

(စ) **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**
ကြည်း ၂၀၆၈၂ ဗိုလ်မှူးကြီးတင်အောင်ထွန်း အစား ကြည်း ၂၇၁၀၉ ဗိုလ်မှူးကြီးအောင်စိုးမိုး

(ဆ) **ရှမ်းပြည်နယ်လွှတ်တော်**
ကြည်း ၁၉၇၂၉ ဗိုလ်မှူးကြီးစိုးမိုးအောင် အစား ကြည်း ၂၃၉၁၁ ဗိုလ်မှူးကြီးနိုင်ဝင်းအောင်

အမိန့်အရ

**( တင်ထွန်း )**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❀ *ကျောဖုံးမှ*

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ ဗိုလ်မှူးအောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ နယ်ခြားစောင့်တပ်မှတာဝန်ရှိသူများ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြိုဆိုကြပြီး လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိုက်စိုးမိုးက "အခုပြန်လာတဲ့ အလုပ်သမားတွေက အထောက်အထားမရှိသူတွေဖြစ်ပါတယ်။ သူတို့ကို ပြည်နယ်ဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်နဲ့ မြဝတီခရိုင်မှ တာဝန်ရှိသူတွေအားလုံးက ကြိုဆိုနေရာချထားရေး၊ ချက်ပြုတ်ကျွေးမွေးရေး၊ နေရပ်ပြန်လည်ပို့ဆောင်ပေးရေး တို့ကို ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒါပေမယ့် တစ်ဦးတစ်ယောက်မျှ ကျွန်တော်တို့ အစီအစဉ်ကို လက်မခံကြဘဲ သူတို့အစီအစဉ်နဲ့သူတို့ ပြန်ကြမယ်ပြောတယ်။ ကျွန်တော်တို့ကတော့ သူတို့ညအိပ်မယ်ဆိုရင်တောင် မြဝတီကျောက်လုံးကြီးမှာရှိတဲ့ ပြန်လည်ကြိုဆိုရေးစခန်းမှာ ဖျာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးကအစ စီစဉ်ပေးထားပါတယ်။ သူတို့က မတည်းကြဘဲ ထိုင်းမှာလာကြိုတဲ့သူတွေနဲ့ ချိတ်ဆက်ထားတဲ့အတိုင်း ချက်ချင်းပြန်ကြမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမားဦးရေမှာ ဇွန် ၂၉ ရက် ညနေ ၄ နာရီခန့်အထိ အမျိုးသား ၁၅၄၆ ဦး၊ အမျိုးသမီး ၉၇၀ စုစုပေါင်း ၂၅၁၆ ဦးခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

# အာရှနှင့် ဥရောပတွေ့ဆုံခြင်း (သို့မဟုတ် ) အေဆမ်

ဝင်းဇေယျာထွန်း

(၁၃) ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို မြန်မာနိုင်ငံမှာ လက်ခံကျင်းပသွားဖို့ရှိပါတယ်။ ဒီနေရာမှာ သတိထားရမှာက ယခုကျင်းပမယ့် အစည်းအဝေးဟာ "အာရှ-ဥရောပ အစည်းအဝေး (အေဆမ်)" (ASEM- Asia-Europe Meeting) ဖြစ်ပါတယ်။ "အာဆီယံ" (ASEAN - Association of South East Asia Nations ) မဟုတ်ပါဘူး။ "အေဆမ်" နဲ့ "အာဆီယံ" ဟာ စာလုံးပေါင်းနဲ့အသံထွက်ပုံ ခပ်ဆင်ဆင်တူလို့ ရုတ်တရက် အမှတ်မှားတတ်ကြပါတယ်။

(၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံမှာ လက်ခံကျင်းပမှာ ဖြစ်ပါတယ်။ ဆက်စပ်အစည်းအဝေးများဖြစ်တဲ့ အေဆမ်အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတွေကို နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒါကြောင့် ကိုယ့်နိုင်ငံမှာ လက်ခံကျင်းပမယ့် အေဆမ်အစည်းအဝေးနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အချက်အလက် ဗဟုသုတတွေ မျှဝေသွားလိုပါတယ်။

မြန်မာနိုင်ငံမှာ (၁၃) ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ကျင်းပခွင့်ရခြင်းနဲ့ပတ်သက်လို့ ထူးခြားချက်နှစ်ခုကို ပထမဆုံးတင်ပြချင်ပါတယ်။ ပထမအချက်က ဒီအစည်းအဝေးကို နှစ်ပေါင်း (၁၀၀) ခန့်မှ တစ်ကြိမ်သာ လက်ခံကျင်းပခွင့်ရရှိတာဖြစ်လို့ မြန်မာနိုင်ငံအတွက် ကြီးမားတဲ့ အခွင့်အရေးကြီးတစ်ရပ်ဖြစ်ပါတယ်။ ဘာကြောင့် ဒီလို ဖြစ်ရတယ်ဆိုတာကို ဆက်လက်တင်ပြမယ့် ကဏ္ဍတွေမှာ ရှင်းပြပါ့မယ်။ ဒုတိယအချက်ကတော့ လက်လှမ်းမီသလောက် မြန်မာနိုင်ငံသမိုင်းမှာ နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်အဖွဲ့အများဆုံး တက်ရောက်သော၊ မြန်မာနိုင်ငံမှာလက်ခံကျင်းပတဲ့ အကြီးမားဆုံးဝန်ကြီးအဆင့် နိုင်ငံတကာအစည်းအဝေးဖြစ်ခြင်းဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာလက်ခံကျင်းပခဲ့တဲ့ (၄၆) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးများကို နိုင်ငံနဲ့ အဖွဲ့အစည်းပေါင်း (၂၇) ခုက ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ပါတယ်။ အခုလက်ခံကျင်းပမယ့် (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို နိုင်ငံ ၅၁ နိုင်ငံနဲ့ အဖွဲ့အစည်းပေါင်းနှစ်ခုမှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်အဖွဲ့တွေ တက်ရောက်ကြမှာဖြစ်တဲ့အတွက် အစည်းအဝေးရဲ့ကြီးမားမှုကို နှိုင်းယှဉ်သိရှိနိုင်ပါတယ်။

**အာရှ-ဥရောပ အစည်းအဝေး (အေဆမ်) (ASEM - Asia-Europe Meeting)**

အေဆမ်ဆိုတာ ဘယ်လိုလုပ်ငန်းစဉ်မျိုးလဲဆိုတာကို အရှင်းဆုံးနဲ့ မြင်သာအောင်ပြောရရင် နောက်ခံသမိုင်းကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု၊ အတွေးအခေါ် စတာတွေမတူညီတဲ့ တိုက်ကြီးနှစ်တိုက် ထိတွေ့ဆက်ဆံခြင်း ( Asia meets Europe ) ဖြစ်ပါတယ်။ အာရှတိုက်နဲ့ ဥရောပတိုက်အကြား မိတ်ဖက်ဆက်ဆံမှုတိုးမြှင့်နိုင်ဖို့အတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်တဲ့ ဆွေးနွေးပွဲတစ်ခုလို့ ပြောလို့ရပါတယ်။ အေဆမ်ရဲ့ဆွေးနွေးမှုတွေဟာ အလွတ်သဘော (Informal) ဆွေးနွေးမှုတွေသာဖြစ်ပြီး ဆွေးနွေးမှုတွေကထွက်ပေါ်လာတဲ့ အချက်အလက်တွေ၊ ထုတ်ပြန်ကြေညာချက်တွေအားလုံးဟာလည်း ဥပဒေအရ စည်းနှောင်မှုမရှိပါဘူး။ ဒါကြောင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်တဲ့ဆွေးနွေးပွဲလို့ ပြောလို့ရခြင်းဖြစ်ပါတယ်။

ယနေ့ အေဆမ်မှာ မိတ်ဖက်နိုင်ငံပေါင်း ၅၁ နိုင်ငံနဲ့ အဖွဲ့အစည်းနှစ်ခု စုစုပေါင်း (၅၃)ဖွဲ့ဟာ မိတ်ဖက်များ (ASEM Partners) အဖြစ်ပါဝင်လျက်ရှိပါတယ်။ မိတ်ဖက်နိုင်ငံတွေကတော့ ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံ ( ဗြိတိန်အပါ အဝင်)၊ ဥရောပသမဂ္ဂအဖွဲ့ဝင်မဟုတ်တဲ့ ဥရောပနှစ်နိုင်ငံ (ဆွစ်ဇာလန်နဲ့နော်ဝေ)၊ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ အရှေ့မြောက်နှင့်တောင်အာရှအုပ်စုဝင် (NESA- North East and South Asia) (နီဆာ)၊ ၁၁ နိုင်ငံ ( နယူးဇီလန်၊ သြစတြေးလျ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မွန်ဂိုလီးယား၊ ရုရှား၊ ကာဇက်စတန်) တို့ဖြစ်ပါတယ်။ အဖွဲ့အစည်းနှစ်ခုက အာဆီယံအတွင်း ရေးမှူးချုပ်ရုံး ( ASEAN Secretariat) နဲ့ ဥရောပသမဂ္ဂ ( European Union) တို့ ဖြစ်ပါတယ်။

အေဆမ် ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းလေးကို မသိရှိရင် အေဆမ်အကြောင်းပြည့်စုံမှာ မဟုတ်ပါဘူး။ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း စင်ကာပူနိုင်ငံမှာကျင်းပတဲ့ တတိယအကြိမ်မြောက် ဥရောပ/အရှေ့အာရှ စီးပွားရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး ( 3rd Europe / East Asia Economic Summit) မှာ စင်ကာပူဝန်ကြီးချုပ် ဂိုချုပ်တောင်က အာရှနဲ့ ဥရောပအကြား မိတ်ဖက်ဆက်ဆံမှု(Partnership) တိုးမြှင့်နိုင်ရေးအတွက် တိုက်ကြီးနှစ်တိုက်မှ ခေါင်းဆောင်များတွေ့ဆုံဆွေးနွေးနိုင်မယ့် ထိပ်သီးအစည်းအဝေးတစ်ခုရှိသင့်တယ်လို့ စတင်အဆိုပြုခဲ့ပါတယ်။ ဝန်ကြီးချုပ် ဂိုချုပ်တောင်ရဲ့ အဆိုပြုချက်ကို ထိုစဉ်က ဥရောပကော်မရှင်ဥက္ကဋ္ဌဖြစ်သူ ပြင်သစ်နိုင်ငံက လိုလိုလားလားထောက်ခံခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၁၉၉၄ ခုနှစ် ဇူလိုင်လမှာ ဥရောပကော်မရှင်က "Towards New Strategy for Asia" ဆိုတဲ့ စာတန်းတစ်ခုကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီစာတန်းဟာ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးကဏ္ဍတွေမှာ အာရှတိုက်ရဲ့ တစ်စတစ်စ အရေးပါလာမှုကို ထောက်ပြထားပြီး ဥရောပတိုက်အနေနဲ့ အနာဂတ်မှာဖြစ်ပေါ်လာမယ့် ကမ္ဘာ့စိန်ခေါ်မှုတွေကိုရင်ဆိုင်ဖို့ဆိုရင် အာရှတိုက်နဲ့ ခိုင်မာကောင်းမွန်တဲ့ ဆက်ဆံရေးရှိမှုဖြစ်မယ်ဆိုတဲ့ အယူအဆကို ထောက်ပြထားခဲ့ပါတယ်။ ဒီအချက်ကို အခြေခံပြီးတော့ ပြင်သစ်နိုင်ငံက ထောက်ပြခဲ့တာဖြစ်ပါတယ်။ စင်ကာပူနိုင်ငံရဲ့တိုက်တွန်းချက်အရ ပထမဆုံး အေဆမ်ထိပ်သီးအစည်းအဝေး ( ASEM 1) ကို ၁၉၉၆ ခုနှစ် မတ်လမှာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ကျင်းပခဲ့ပြီး အာရှနဲ့ဥရောပနိုင်ငံပေါင်း ၂၅ နိုင်ငံက ခေါင်းဆောင်များ တက်ရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံကတော့ အေဆမ်ရဲ့မိတ်ဖက်နိုင်ငံ( ASEM partner) မဟုတ်သေးတဲ့အတွက် ထိုအစည်းအဝေးကို တက်ရောက်ခဲ့ခြင်း မရှိပါဘူး။

**မြန်မာနဲ့ အေဆမ်**

မြန်မာနိုင်ငံဟာ ၂၀၀၄ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ ကျင်းပခဲ့တဲ့ (၅)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေး မှစတင်ပြီး အေဆမ်ရဲ့မိတ်ဖက်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့အတူ ကမ္ဘောဒီးယား၊ လာအို၊ ဆိုက်ပရက်စ်၊ ချက်သမ္မတနိုင်ငံ၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယား၊ လစ်သူယေးနီးယား၊ မော်လ်တာ၊ ပိုလန်၊ ဆလိုဗက်ကီးယားနှင့် ဆလိုဗေးနီးယားနိုင်ငံတို့ဟာလည်း အေဆမ်ရဲ့မိတ်ဖက်နိုင်ငံများဖြစ်လာခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ ၂၀၀၄ ခုနှစ်မှာ အေဆမ်ရဲ့မိတ်ဖက်နိုင်ငံဖြစ်ခဲ့သော်လည်း ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံရေးအရ ပိတ်ပင်ကန့်ကွက်မှုများကြောင့် ထိပ်သီးအစည်းအဝေးများသို့ မြန်မာနိုင်ငံမှခေါင်းဆောင်များ ပါဝင်တက်ရောက်နိုင်ခဲ့ခြင်းမရှိဘဲ ဝန်ကြီးအဆင့် ကိုယ်စားလှယ်အဖွဲ့များသာ ပါဝင်တက်ရောက်ခဲ့ရပါတယ်။ သို့သော် ၂၀၁၂ ခုနှစ် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှာ ကျင်းပခဲ့သည့် (၉)ကြိမ်မြောက်အေဆမ်ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်သမ္မတခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပထမဆုံးအကြိမ်အဖြစ် ပါဝင်တက်ရောက်ခဲ့ပါတယ်။ ဆက်လက်ပြီး ၂၀၁၄ခုနှစ် အီတလီနိုင်ငံ မီလန်မြို့မှာကျင်းပတဲ့ (၁၀) ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးနဲ့ ၂၀၁၆ခုနှစ် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့မှာကျင်းပတဲ့ (၁၁)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးတို့ကို နိုင်ငံတော်သမ္မတအဆင့် ခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့များ ဆက်တိုက်တက်ရောက်ခဲ့ပါတယ်။

**အေဆမ်ရဲ့ထူးခြားချက်များ**

အေဆမ်မှာ အခြားသော နိုင်ငံတကာအဖွဲ့အစည်းများနဲ့ မတူတဲ့ ထူးခြားချက်လေးတွေရှိပါတယ်။ ပထမအချက်က ပါဝင်တဲ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေကို အဖွဲ့ဝင်များ (Member states/ Member organizations) လို့ခေါ်ဆိုခြင်းမရှိဘဲ မိတ်ဖက်နိုင်ငံ၊ မိတ်ဖက်အဖွဲ့အစည်းများ (Partners)လို့သာ တရားဝင်သုံးနှုန်းခေါ်ဆိုပါတယ်။ ဒုတိယအချက်က အေဆမ်မှာ အတွင်းရေးမှူးရုံးမရှိပါဘူး။ အာဆီယံအဖွဲ့မှာ အတွင်းရေးမှူးရုံးရှိပါတယ်။ ဥရောပသမဂ္ဂမှာလည်း ဥရောပကော်မရှင်က အတွင်းရေးမှူးရုံးတာဝန်များကိုဆောင်ရွက်ပါတယ်။ အေဆမ်ကတော့ ဥရောပအုပ်စု၊ အာဆီယံအုပ်စုနဲ့ နီဆာ ( NESA) အုပ်စုဆိုပြီး ဒေသဆိုင်ရာ အုပ်စုသုံးခုခွဲခြားပြီး ဒေသအလိုက်ညှိနှိုင်းရေးမှူး ( Coordinator) များခန့်အပ်ကာ လုပ်ငန်းများ ဆောင်ရွက်ပါတယ်။

အေဆမ်မိတ်ဖက်နိုင်ငံတွေဟာ ဒေသအလိုက်ညှိနှိုင်းရေးမှူးတာဝန်ကို နိုင်ငံများရဲ့အမည် အင်္ဂလိပ်အက္ခရာ အစဉ်လိုက် နှစ်နှစ်စီတာဝန်ယူရပါတယ်။ မြန်မာနိုင်ငံက အာဆီယံအုပ်စုညှိနှိုင်းရေးမှူးတာဝန်ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိတာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ နှစ်ဦးပိုင်းမှာ ဖိလစ်ပိုင်နိုင်ငံကိုလွှဲပြောင်းပေးခဲ့ပါတယ်။ လက်ရှိအချိန်မှာ နီဆာအုပ်စုနိုင်ငံများအတွက် ညှိနှိုင်းရေးမှူးအဖြစ် နယူးဇီလန်နိုင်ငံက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မကြာခင်မှာ ပါကစ္စတန်နိုင်ငံကို လွှဲပြောင်းပေးမှာဖြစ်ပါတယ်။ ဥရောပအုပ်စုကတော့ နည်းနည်းထူးခြားပါတယ်။ ဥရောပသမဂ္ဂရဲ့ဥက္ကဋ္ဌရာထူး ( EU Presidency)ကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက ခြောက်လစီတာဝန်ယူရချိန်မှာ ဥရောပအုပ်စုနိုင်ငံများအတွက် အေဆမ်ညှိနှိုင်းရေးမှူးအဖြစ်ပါ တာဝန်ယူရပါတယ်။ ဥရောပ အေဆမ်ညှိနှိုင်းရေးမှူးကို အထောက်အကူပြုတဲ့ရုံးအဖွဲ့အဖြစ် ဥရောပသမဂ္ဂရဲ့ ပြည်ပဆက်ဆံရေးဌာန (European External Action Service - EEAS)က ဆောင်ရွက်ပေးပါတယ်။ ဥရောပအုပ်စု အေဆမ်ညှိနှိုင်းရေးမှူးရဲ့တာဝန်အများစုကို EEASက တာဝန်ယူဆောင်ရွက်ပေးပါတယ်။ လက်ရှိအချိန်မှာ ဥရောပအုပ်စုနိုင်ငံများအတွက် ညှိနှိုင်းရေးမှူးအဖြစ် မော်လ်တာနိုင်ငံက ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ဆောင်ရွက်မှာဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိကို အက်စ်တိုးနီးယားနိုင်ငံက တာဝန်ယူဆောင်ရွက်မှာဖြစ်ပါတယ်။

အေဆမ်ဟာ အချို့သောအဖွဲ့အစည်းတွေလို အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးစသည်ဖြင့် ထည့်ဝင်ရခြင်းမရှိပါဘူး။

**အခြေခံမှု (၃) ရပ်**

အေဆမ်လုပ်ငန်းစဉ်များဆောင်ရွက်တဲ့အခါမှာ အဓိကအခြေခံထားတဲ့မှု (၃) ရပ်ရှိပါတယ်။ အဲဒါတွေကတော့ တန်းတူမိတ်ဖက်ဆက်ဆံမှု (Equal partnership)၊ အပြန်အလှန်လေးစားမှု (Mutual respect)၊ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမှု (Mutual benefit) တို့ဖြစ်ပါတယ်။ အေဆမ်လုပ်ငန်းစဉ်များအားလုံးဟာ ဒီအခြေခံမှု(၃)ရပ်အပေါ်မှာ အခြေခံဆောင်ရွက်ကြပါတယ်။

**အေဆမ်ကို ဘယ်လိုဖွဲ့စည်းထားသလဲ**

အေဆမ်လုပ်ငန်းစဉ်များ ရှင်းလင်းလွယ်ကူစွာဆောင်ရွက်နိုင်စေရန်အတွက် အေဆမ်ကို (၁)နိုင်ငံရေးမဏ္ဍိုင်၊ (၂) စီးပွားရေးမဏ္ဍိုင်နှင့် (၃)လူမှုရေး၊ယဉ်ကျေးမှုနှင့် ပညာရေးမဏ္ဍိုင်ဆိုပြီး မဏ္ဍိုင် (၃) ခုနဲ့ ဖွဲ့စည်းထားပါတယ်။

နိုင်ငံတကာနဲ့ ဒေသတွင်းဆိုင်ရာကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေးအဖြေရှာရေး၊ လုံခြုံရေးနှင့်အကြမ်းဖက်မှုနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ ၊ ရွှေ့ပြောင်းသွားလာသူများဆိုင်ရာကိစ္စရပ်များ အစရှိသည်တို့ကို နိုင်ငံရေးမဏ္ဍိုင်အောက်က ဆောင်ရွက်ပါတယ်။

စီးပွားရေးမဏ္ဍိုင် အောက်မှာကတော့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာငွေကြေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးပြဿနာများ ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ ပုဂ္ဂလိကကဏ္ဍဆိုင်ရာကိစ္စရပ်များ စတာတွေကို ဆွေးနွေးဆောင်ရွက်ကြပါတယ်။

ယဉ်ကျေးမှုနှင့်ပညာရေးမဏ္ဍိုင်အောက်မှာ အာရှ-ဥရောပ ပညာရေးပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှုနှင့် လူမှုအသိုင်းအဝိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးအထောက်အကူပြုသတင်းအချက်အလက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ အာရှနှင့်ဥရောပတိုက်ကြီးနှစ်တိုက်မှ ပြည်သူများနှင့်လူမှုအသိုင်းအဝိုင်းများအကြား ထိတွေ့ ဆက်ဆံမှုဆိုင်ရာကိစ္စရပ်များ အစရှိသည်တို့ကိုဆောင်ရွက်ကြပါတယ်။

မဏ္ဍိုင် (၃) ခုအောက်ကဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်တွေမှာ ကဏ္ဍအလိုက်ဆွေးနွေးပွဲများ(Forum/Dialogue)၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများ၊ ဝန်ကြီးအဆင့်အစည်းအဝေးများ စသည်ဖြင့် အဆင့်ဆင့်ရှိကြပြီး နိုင်ငံ့ခေါင်းဆောင်များရဲ့ထိပ်သီးအစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူကြရပါတယ်။ အေဆမ်မဏ္ဍိုင်များအောက်က ခေါင်းစဉ်အသီးသီးနဲ့ ပြုလုပ်တဲ့အလွတ်သဘောဆွေးနွေးပွဲများကို အစိုးရအဖွဲ့အစည်းများသာမက လူမှုအဖွဲ့အစည်းများ( CSO) များကပါ တက်ရောက်ဆွေးနွေးလေ့ရှိပါတယ်။

အေဆမ်မှာ ထိပ်သီးအစည်းအဝေးနဲ့ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို တစ်နှစ်ခြားစီ အလှည့်ကျကျင်းပလေ့ရှိပါတယ်။ ဥပမာ-မွန်ဂိုလီးယားနိုင်ငံမှာ ၂၀၁၆ခုနှစ်က ထိပ်သီးအစည်းအဝေးပြုလုပ်ခဲ့ပြီးဖြစ်တဲ့အတွက် ၂၀၁၇ ခုနှစ်မှာ နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးကိုသာ ပြုလုပ်မှာဖြစ်ပါတယ်။ အေဆမ်မှာ မိတ်ဖက်နိုင်ငံပေါင်း ၅၁ နိုင်ငံရှိပါတယ်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံဟာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး လက်ခံကျင်းပပြီးရင် နောက်တစ်ကြိမ်လက်ခံကျင်းပနိုင်ဖို့ နိုင်ငံပေါင်း ၅၀ က နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး လက်ခံကျင်းပပြီးချိန်ကိုစောင့်ရမှာဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးဟာ ထိပ်သီးအစည်းအဝေးနဲ့ တစ်နှစ်ခြားစီ အလှည့်ကျ ကျင်းပတာဖြစ်တဲ့အတွက် နောက်တစ်ကြိမ်အစည်းအဝေးအတွက် အကြမ်းဖျင်းအားဖြင့် နှစ်ပေါင်း (၁၀၀) စောင့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ (၁၃) ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးလက်ခံကျင်းပခွင့်ရခြင်းဟာ ရတောင့်ရခဲ အခွင့်အရေးတစ်ရပ်လို့ စောစောက ဆိုခဲ့တာဖြစ်ပါတယ်။

ထိပ်သီးအစည်းအဝေးနဲ့ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို အေဆမ်ရဲ့နိုင်ငံရေးမဏ္ဍိုင်အောက်က ကျင်းပခြင်းဖြစ်ပါတယ်။ ထိပ်သီးအစည်းအဝေးနဲ့ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို တစ်နှစ်ခြားစီအလှည့်ကျကျင်းပပေးမယ့် အခြားသောမဏ္ဍိုင်များမှာရှိတဲ့ ပညာရေး၊ ဘဏ္ဍာရေး၊ ပို့ဆောင်ရေး၊ စီးပွားရေးအစရှိတဲ့ကဏ္ဍများရဲ့ ဝန်ကြီးအဆင့်အစည်းအဝေးတွေကို နှစ်စဉ် သို့မဟုတ် အလျဉ်းသင့်သလို ကျင်းပကြပါတယ်။

**အေဆမ်မှာ မိတ်ဖက်နိုင်ငံပေါင်း ၅၁ နိုင်ငံရှိပါတယ်။ဒါကြောင့် နိုင်ငံတစ်နိုင်ငံဟာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး လက်ခံကျင်းပပြီးရင် နောက်တစ်ကြိမ် လက်ခံကျင်းပနိုင်ဖို့ နိုင်ငံပေါင်း ၅၀ က နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး လက်ခံကျင်းပပြီးချိန်ကို စောင့်ရမှာဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဟာ ထိပ်သီးအစည်းအဝေးနဲ့ တစ်နှစ်ခြားစီ အလှည့်ကျ ကျင်းပတာ ဖြစ်တဲ့အတွက် နောက်တစ်ကြိမ်အစည်းအဝေးအတွက် အကြမ်းဖျင်းအားဖြင့် နှစ်ပေါင်း (၁၀၀) စောင့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးလက်ခံကျင်းပခွင့်ရခြင်းဟာ ရတောင့်ရခဲ အခွင့်အရေးတစ်ရပ်ဖြစ်။**

*(ဆက်လက်ဖော်ပြပါမည်)*

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များကို မြေပြင်အခြေအနေနှင့်အညီ အထိရောက်ဆုံးအကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု ဖတ်ကြားတင်ပြခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ပထမ ဦးစားပေး**

ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ၏ **ပူတာအိုမြို့နယ်ရှိ ခုတင်(၁၀၀)ဆံ့ဆေးရုံကြီးအား ခုတင်(၁၀၀) ဆံ့ ဆေးရုံ စံကိုက်နှင့် ညီသောဆေးရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လူနာအရေအတွက်နှင့် လိုက်လျောညီထွေဖြစ်သော ဆေးရုံအဆောက်အအုံများ ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်စီမံကိန်းတွင် အဆိုပြုတင်ပြပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိတွင် ပူတာအိုဆေးရုံ၌ တာဝန်ထမ်းဆောင်နေသော အရာထမ်းများနှင့် အမှုထမ်းဝန်ထမ်းများအတွက် နေအိမ်လုံလောက်မှုမရှိကြောင်း သိရှိရသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရှစ်ခန်းတွဲ လေးထပ်နှင့် လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာနှစ်လုံးကို ပထမဦးစားပေး ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဒွေးဝင်း၏ **ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ရခိုင်ပြည်နယ်အတွင်း**



ဦးကျော်တင်
ဒုတိယဝန်ကြီး



ဦးလှဒွေးဝင်း
ဇေယျာသီရိမဲဆန္ဒနယ်

**စုံစမ်းစစ်ဆေးနိုင်ရန် အချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့(Fact Finding Mission)ကို ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံသို့စေလွှတ်ရန် ဆုံးဖြတ် ချက်အပေါ် ပြည်ထောင်စုအစိုးရအနေဖြင့် ထိရောက်လုံလောက်သော တားဆီးကန့်ကွက်မှုပြုလုပ်ရန် မည်သို့စီစဉ်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၃၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဥရောပသမဂ္ဂက အဓိကအဆိုရှင်အဖြစ်တင်သွင်းခဲ့သည့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်ကို ၂၀၁၇ ခုနှစ် မတ် ၂၄ ရက်တွင် မဲမခွဲဘဲ အတည်ပြုချမှတ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံ မဟုတ်သဖြင့် မဲခွဲဆုံးဖြတ်ရန် တောင်းဆိုပိုင်ခွင့် မရှိပါကြောင်း၊ သို့သော် အဆိုပါဆုံးဖြတ်ချက်တွင် မိမိတို့လက်မခံနိုင်သည့် Fact Finding Mission စေလွှတ်ရေးကိစ္စကို ထည့်သွင်းထားသည့်အတွက် ယင်းဆုံးဖြတ်ချက်အား ချမှတ်သည့် လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က အဆိုပါ ဆုံးဖြတ်ချက်တစ်ခုလုံးအား သဘောတူလက်ခံခြင်းမရှိကြောင်း(Dissociate) ပြုလုပ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနည်းတူ အိန္ဒိယ၊ တရုတ် စသည့်ကောင်စီဝင်နိုင်ငံ အချို့ကလည်း သဘောတူလက်ခံခြင်းမရှိကြောင်းကို ပြောကြားခဲ့ကြပါကြောင်း။

**သဘောတူလက်ခံခြင်းမရှိ**

နိုင်ငံတကာ အချက်အလက်ရှာဖွေဖော်ထုတ်ရေးမစ်ရှင် (Fact Finding Mission) ဖွဲ့စည်းခြင်းသည် ပြဿနာဖြေရှင်းရေးအတွက် အထောက်အကူဖြစ်မည် မဟုတ်သည့်အပြင် အသိုင်းအဝိုင်းနှစ်ရပ်အကြား တင်းမာမှုပြဿနာရပ်ကို ပိုမိုကြီးထွားလာစေမည်ဖြစ်ခြင်း၊ လက်ရှိပကတိ အခြေအနေများနှင့် ကိုက်ညီမှုမရှိခြင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် အေးချမ်းတည်ငြိမ်ရေးနှင့် ရေရှည်တည်တံ့သော ဖြေရှင်းချက်များရရှိရေးအတွက် အလေးထားကြိုးပမ်းဖြေရှင်းနေခြင်း၊ ဒုတိယသမ္မတ ဦးဆောင်သော လွတ်လပ်သော ကော်မရှင်တစ်ခု ဖွဲ့စည်းပြီး ကြိုးပမ်းဖြေရှင်းနေသည့်အတွက် အဆိုပါဆုံးဖြတ်ချက် တစ်ရပ်လုံးကို သဘောတူလက်ခံပါဝင်ခြင်းမရှိကြောင်း၊ (Dissociate) ပြုလုပ်ကြောင်းကို ပြတ်ပြတ်သားသားပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အဆိုပါ အချက်အလက် ရှာဖွေရေးမစ်ရှင်စေလွှတ်ရေးကိစ္စအပါအဝင် ဆုံးဖြတ်ချက်အား သဘောတူလက်ခံခြင်းမရှိကြောင်းကို ၂၀၁၇ ခုနှစ် မတ် ၂၄ ရက်စွဲဖြင့် သတင်းကြေညာချက်တစ်ရပ် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါကြောင်း။

Fact Finding Mission ဖွဲ့စည်းမည့်ကိစ္စနှင့်ပတ်သက်၍ ဂျီနီဗာမြို့ရှိ လူ့အခွင့်အရေးကောင်စီဥက္ကဋ္ဌက မြန်မာအမြဲတမ်း ကိုယ်စားလှယ်ကို ဆက်သွယ်လာပါကြောင်း၊ တရားဝင်အတိအလင်း Dissociate ပြုလုပ်ထားပြီးဖြစ်သည့်အတွက် ယင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်မည်မဟုတ်ကြောင်း မြန်မာအမြဲတမ်းကိုယ်စားလှယ်က ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်း Fact Finding Mission အား မြန်မာနိုင်ငံသို့ လာရောက်ခွင့်မပြုရန် မြန်မာသံရုံးများသို့ လိုအပ်သော ညွှန်ကြားမှုများပြုလုပ်ကာ ကာကွယ်တားဆီးသွားမည်ဖြစ်ပါကြောင်း၊ သို့သော် ယင်းမစ်ရှင်အနေဖြင့် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်စုံစမ်းခြင်း၊ ပြည်တွင်းရှိ သက်ဆိုင်သူများအား ဆက်သွယ်မေးမြန်းခြင်းများပြုလုပ်၍ တွေ့ရှိချက်အစီရင်ခံစာအား လူ့အခွင့်အရေးကောင်စီသို့ တင်ပြသွားမည်ဖြစ်ပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် မေလနှင့် ဇွန်လအတွင်းက ဥရောပသမဂ္ဂဌာနချုပ်နှင့် အနောက်နိုင်ငံများသို့ တရားဝင်ခရီးစဉ်များ ဆက်တိုက်သွားရောက်ခဲ့ပြီး အဆိုပါ မစ်ရှင်စေလွှတ်ရေးကိစ္စသည် မြေပြင်အခြေအနေများနှင့်ကိုက်ညီမှုမရှိသည့်အတွက် လက်မခံနိုင်ကြောင်း၊ ရခိုင်ဒေသရှိ အသိုက်အဝန်း ၂ ရပ်ကို ပိုမိုကွဲပြားစေနိုင်သည့် အကြံပြုချက်များသည် ပြဿနာဖြေရှင်းရာတွင် အထောက်အကူ မပြုသည့်အတွက် လက်မခံနိုင်ခြင်း ဖြစ်ကြောင်းနှင့် ဒေါက်တာကိုဖီအာနန်၏ အကြံပေးကော်မရှင်က ထောက်ခံတင်ပြချက်များအား အကောင်အထည်ဖော်ခြင်းဖြင့် ရေရှည်တည်တံ့သည့် ဖြေရှင်းမှုရရှိရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ရောက်ရှိရာနိုင်ငံတိုင်းတွင် ပြတ်ပြတ်သားသားပြောကြားခဲ့ကြောင်း။

ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း နယ်စပ်ရဲစခန်းများ တိုက်ခိုက်ခံရပြီးနောက် နယ်မြေရှင်းလင်းရေး ဆောင်ရွက်ခဲ့ရာတွင် ကျူးလွန်ခဲ့သည်ဟုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မရှင်သည် ဖြစ်စဉ်ဖြစ်ပွားသည့်ဒေသများသို့ သွားရောက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားသို့လည်းသွားရောက်၍ စုံစမ်းမေးမြန်းမှုများပြုလုပ်နိုင်စေရန် နိုင်ငံခြားရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါကော်မရှင်သည် နိုင်ငံတကာ ယုံကြည်လက်ခံနိုင်သည့် အစီရင်ခံစာထုတ်ပြန်လာနိုင်မည်ဆိုပါက လူ့အခွင့်အရေးကောင်စီက စေလွှတ်မည့် အချက်အလက်ရှာဖွေရေးမစ်ရှင်အားလက်ခံရန် နိုင်ငံတကာမှ ဖိအားပေးမှုများကို ပိုမိုထိရောက်စွာတုံ့ပြန်နိုင်စေမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များကိုလည်း မြေပြင်အခြေအနေနှင့်အညီ အထိရောက်ဆုံးအကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုတိုးတက် ရရှိရေး၊ ပြန်လည်နေရာချထားရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ တိုးမြှင့်ပေးအပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်း သက်သေအထောက်အထားခိုင်လုံပါက ဥပဒေနှင့်အညီ လိုအပ်သည့်အရေးယူမှုများ ပြုလုပ်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၈ သို့*

# ညောင်နှစ်ပင်သင်တန်းကျောင်း၏ မြေဧရိယာဧက ၆၀၀ ခန့်တွင် ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၂၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မေးခွန်း လေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အဆင့်မြှင့်တင်ဖောက်လုပ်**

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင်၏ **ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော် - မိုးမောက် - ကျောက်စခန်း - လွယ်ဂျယ်ကားလမ်းမကြီးကို ရာသီမရွေး စိတ်ချလက်ချ ကုန်စည်ပို့ဆောင်နိုင်ရန်နှင့် ခရီးသွားလာနိုင်ရန် အဆင့်မြင့် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဗန်းမော် - မိုးမောက် - ကျောက်စခန်း - စိန်လုံး - လွယ်ဂျယ်လမ်းမကြီးသည် ၅၇ မိုင်ရှိပြီး မိုးမောက်မှ လွယ်ဂျယ်အထိ ကတ္တရာ လမ်း(၀/၇)မိုင်၊ ပြောင်းဖူးစေ့ကျောက်စီလမ်း ၄၆ မိုင် ၅ ဖာလုံ စုစုပေါင်းအရှည် ၄၇ မိုင် ၄ ဖာလုံအား အကျယ် ၁၂ မီတာရှိ ကတ္တရာလမ်းအဖြစ် သုံးနှစ်အတွင်း အဆင့်မြှင့်တင်ဖောက်လုပ်ရန် မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီအား ၂၀၁၅ ခုနှစ်တွင် ခွင့်ပြုခဲ့ပါကြောင်း။

ကုမ္ပဏီအနေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို သုံးနှစ်အတွင်း အပြီးဆောင်ရွက်ရမည်ဖြစ်သော်လည်း ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ယခုအခါ မိုင်တိုင်(၄၆/၄)နှင့် မိုင်တိုင်(၄၇/၄) အတွင်း လွယ်ဂျယ်မြို့တွင်းအပိုင်း စံပြလမ်း ၁ ဒသမ ၃ ကီလိုမီတာခန့်အား ၁၂ မီတာအကျယ် ကတ္တရာလမ်းခင်းခြင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စံပြလမ်း ၁ ဒသမ ၃ ကီလိုမီတာခန့်အား ကုမ္ပဏီမှ အပြီးဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းအဖြစ် အပြီးတည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုမ္ပဏီအနေဖြင့် စာချုပ်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဦးကျော်လင်း
ဒုတိယဝန်ကြီး



ဒေါက်တာခွန်ဝင်းသောင်း
ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)

**မြို့ပြဖွံ့ဖြိုးရေး စီမံကိန်း**

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ဒေသတစ်ဝိုက်ရှိ ဇုန်များအနက် ဇုန်(၃)ဧရိယာအတွင်း ပါရှိသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ထွန်းပေါ်ပေါက်ရာ အဆောက်အအုံ မြေနေရာများအား အကျိုးရှိအောင် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက လှည်းကူးမြို့နယ် ညောင်နှစ်ပင်သင်တန်းကျောင်း၏ မြေဧရိယာဧက ၆၀၀ ခန့်တွင် ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ အကျိုးရှိသော မြို့မြေ အသုံးပြုမှုဖြစ်ရန်၊ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းပုံစံများကို လေ့လာရေးဆွဲထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းများအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများ၌ စက်မှုလုပ်ငန်းဧရိယာ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာ၊ သင်တန်းကျောင်းများ၊ အိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ စသည်ဖြင့် ပါဝင်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာခြင်းနှင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်သန်းနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ**ကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က ဖတ်ကြားတင်ပြရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ပြင်ဆင်ချက်အတိုင်း အတည်ပြု**

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးသိန်းလွင်က ဖတ်ကြားတင်ပြရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် **တူးမြောင်း ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်က ဥပဒေကြမ်းပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များ တိကျမှန်ကန်ရေး ဆွေးနွေးရာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်က ဆုံးဖြတ်ကြောင်းကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ဇွန် ၃၀ ရက်တွင် ကျင်းပရန် လျာထားကြောင်း ကြေညာသည်။

**သူရဇော်၊**
**မွေးကြူဇင် (သတင်းစဉ်)**

# လက်ရှိကျင့်သုံးလျက်ရှိသော မြေယာဥပဒေ သုံးခုအား တစ်ခုတည်းအဖြစ် ပေါင်းစည်းနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၉

**ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် လက်ရှိကျင့်သုံးလျက်ရှိသော မြေယာဥပဒေ သုံးခုအား တစ်ခုတည်းအဖြစ် ပေါင်းစည်းနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၈ နှင့် ၂၉ ရက်တို့တွင် နေပြည်တော် ရုံးအမှတ် (၁၀)ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပသည်။**

**ဆွေးနွေးအကြံပြုရန်**

အခမ်းအနားတွင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေက "မြေယာ ဥပဒေ(မူကြမ်း) ရေးဆွဲမှုနှင့် ပတ်သက်၍ ဥပဒေတစ်ခုရေးဆွဲရာတွင် အဓိပ္ပာယ် ရှင်းလင်းပေါ်လွင်ပြီး အများလိုက်နာနိုင်မည့်ဥပဒေဖြစ်ရန်လိုကြောင်း၊ ယင်းသို့ ထည့်သွင်းစဉ်းစား ဆောင်ရွက်ထားသည့် ဥပဒေကို မလိုက်နာပါကလည်း ဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်ရန် လိုကြောင်း၊ ဥပဒေနှင့်အညီ အစိုးရက တာဝန်ယူ ဆောင်ရွက်ရခြင်းဖြစ်ပြီး တစ်ဦးတစ်ယောက်၏ စိတ်ဆန္ဒအရ ရေးဆွဲသော ဥပဒေမျိုးမဖြစ်စေဘဲ အများနှင့်သက်ဆိုင်သော၊ လိုက်နာနိုင်သော ဥပဒေဖြစ်ရန် လိုကြောင်း၊ ပြည့်စုံကောင်းမွန်သည့် ဥပဒေ(မူကြမ်း) ဖြစ်စေရန် ပညာရှင်၊ အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်များ က ဝိုင်းဝန်း ဆွေးနွေးအကြံပြုပေးရန် လိုပါကြောင်း" ဆွေးနွေးပြောကြားခဲ့သည်။

**ပြောကြား**

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က အမှာစကားများ ပြောကြားကြသည်။

**ဥပဒေမူကြမ်း**

အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဥပဒေ အကြံပေးအဖွဲ့ဝင်များ၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန(အငြိမ်းစား) အရာရှိကြီးများ၊ သက်ဆိုင်ရာ ဌာနအကြီးအကဲများမှ ပြည့်စုံသော မြေယာ ဥပဒေမူကြမ်းတစ်ခုဖြစ်ပေါ်လာရေး သုံးသပ်အကြံပြုချက်များဖြင့် ဝိုင်းဝန်း ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ရေနှင့် သက်ဆိုင်သည့်ပညာရပ်များ နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၂၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးသည် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ၏ ညွှန်ကြားရေးမှူးချုပ် Mr. Yukiya Amano နှင့် ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ရေနှင့် သက်ဆိုင်သည့် ပညာရပ်စသည့်နယ်ပယ်များတွင် နျူကလီးယားနည်းပညာအသုံးချနိုင်ရေး၊ နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး၊ နျူကလီးယားလုံခြုံရေးနှင့် နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေးကဏ္ဍစသည်တို့တွင် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ နည်းပညာအကူအညီများ ပိုမိုရရှိရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နျူကလီးယား သိပ္ပံနှင့် နည်းပညာသုတေသန၊ ဖွံ့ဖြိုးရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်-၂၀၁၇ တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်ရေးအတွက် 2017 RCA အား သဘောတူလက်ခံသည့် စာချွန်လွှာကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ အဏုမြူ စွမ်းအင်အေဂျင်စီ၏ ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ပြဋ္ဌာန်းနိုင်တော့မည်

**နေပြည်တော် ဇွန် ၂၉**

စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ ထောက်ပံ့ရေးစည်းမျဉ်းနှင့် ဂေဟာ၊ သင်တန်းကျောင်းများတွင် အနိမ့်ဆုံး ရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများ ပြင်ဆင်ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ပရဟိတ လုပ်ငန်းများကို စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်မှုပုံစံမှာလည်း အမျိုးမျိုးရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အချို့ဂေဟာများသည် အစိုးရအသိအမှတ်ပြုဖြစ်ပြီး ၃၄၅ ခု ရှိကြောင်း၊ အစိုးရအသိအမှတ်မပြုရသေးသော ပရဟိတဂေဟာ ၄၀၆ ခု ခန့်ရှိကြောင်း၊ အစိုးရအနေဖြင့် အသိအမှတ်ပြုပြီး ဂေဟာများကို နှစ်စဉ် ထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိရာ ငွေကျပ်ပေါင်း ၁ ဒသမ ၄ ဘီလီယံကျော် သုံးစွဲလျက်ရှိပါကြောင်း၊ ပရဟိတ ဂေဟာများသည် မိဘမဲ့ကလေး များ သာမက ချို့တဲ့သော မိဘရှိကလေး များကိုလည်း လက်ခံဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ကလေး၏ သဘာဝမှာ မိသားစုဖြင့်နေထိုင်ခြင်းဖြင့်သာ ဖွံ့ဖြိုးတိုးတက်မှု အမှန်ရရှိနိုင်သဖြင့် မိသားစုကို ပံ့ပိုးထောက်ပံ့ခြင်း ပြုလုပ်သောနည်းသည် ပိုမိုသင့်မြတ်သော စောင့်ရှောက်မှုနည်းလမ်းဖြစ်ပါကြောင်း၊ ဂေဟာများတွင် စောင့်ရှောက်မှု ခံယူရပါက ၎င်းတို့၏ အခွင့်အရေး အပြည့်အဝရရှိရန် လိုအပ်ပါကြောင်း၊ စွန့်ပစ်မွေးကင်းစ ကလေးများကို စောင့်ရှောက်မှုပေးရာတွင် စောင့်ရှောက်ခြင်း အရည်အသွေးမှာ အရေးကြီးပါကြောင်း၊ ကလေးသူငယ်များ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် ခန္ဓာကိုယ်ကြံ့ခိုင်မှုရရှိရေးကို မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ကလေးသူငယ် အခွင့်အရေး(၄)ရပ်ဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အစောင့်အရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ခွင့် စသည်တို့ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖော်ဆောင်လျက်ရှိပါကြောင်း၊ ခေတ်စနစ်နှင့် လျော်ညီစေရန် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကိုလည်း မကြာမီ အသစ်ပြဋ္ဌာန်းနိုင်တော့မည် ဖြစ်ပါကြောင်း၊ သင်တန်းကျောင်း၊ ဂေဟာများတွင် လက်ခံစောင့်ရှောက်ထားသည့် ကလေးသူငယ်များအပေါ် စနစ်တကျပြုစု စောင့်ရှောက်နိုင်ရေး အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် ကာကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်နိုင်ရေးကို အစိုးရက ဦးဆောင်၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ UNICEF Myanmar မှ Mr. Aron Greenberg က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါကြောင်းနှင့် အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဌာနငယ်၊ သင်တန်းကျောင်းများမှ တာဝန်ခံများ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

<u>*ပြည်သူ့လွှတ်တော်မှ*</u>

ထို့ပြင် ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်နှင့် အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချိုတို့၏ တိုင်းရင်းဆေးကဏ္ဍတိုးတက်ပြန့်ပွားရန် ဆောင်ရွက်ပေးရေးနှင့် အုတ်တွင်းမြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံအား ခုတင် ၅၀ ဆံ့ ဆေးရုံအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ဖြေကြားခဲ့သည်။

ဆက်လက်၍ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတင်သွင်းထားသည့် **"မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ကျေးလက်ဒေသမှ မြို့ပြများအထိ လည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ်ကောလိပ်များအထိ လည်းကောင်း၊ အားကစားပြက္ခဒိန်များ ရေးဆွဲ၍ အားကစားပြိုင်ပွဲများ ပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာ ဦးစိန်မြအေး၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးညဏ်လင်း၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီနှင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့က အကြံပြုဆွေးနွေးကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အတည်ပြုသင့်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတို့၏ နှစ်ပတ်လည် အစီရင်ခံစာများကို ဖတ်ကြားတင်ပြခြင်း၊ "အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"အား လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊**

**အေးအေးသန့်(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ပထမဦးဆုံး Clash Royale ပြိုင်ပွဲကျင်းပ



**ရန်ကုန် ဇွန် ၂၉**

ပြိုင်ပွဲဝင်ကစားသမား ၄၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော Clash Royale (CR) ပြိုင်ပွဲကို ယနေ့ကျင်းပခဲ့ကြောင်း သိရသည်။

Clash Royale သည် အခကြေးငွေပေးစရာမလိုဘဲ ကစားသမားအချင်းချင်း ယှဉ်ပြိုင်ကစားရသည့် အွန်လိုင်းကစားနည်း တစ်မျိုးဖြစ်ပြီး ဂိမ်းကစားသူများအနေနှင့် ပွဲစဉ်တစ်ပွဲအား အနိုင်ရရှိစေရန် ယှဉ်ပြိုင်ဘက်၏ ခံတပ်များအား ဖြိုဖျက်ရသည့် ကစားနည်းဖြစ်သည်။ ပွဲစဉ်အနိုင်ရရှိပါက အနိုင်ရရှိသူသည် ဆုဖလားများ ရရှိမည်ဖြစ်ပြီး အဆိုပါ ဆုဖလားအရေအတွက်အပေါ်မူတည်၍ ကစားသမားများအား အဆင့်သတ်မှတ်ခြင်း ဖြစ်သည်။ ကစားသမားများအား ဆုဖလား အနိုင်ရရှိခြင်း သို့မဟုတ် ရှုံးနိမ့်ခြင်းအပေါ်မူတည်၍ ယှဉ်ပြိုင်ရသည့် အဆင့်များကိုလည်း ခွဲခြားသတ်မှတ်ခြင်းဖြစ်သည်။

ပြိုင်ပွဲသည် မြန်မာနိုင်ငံတွင် အကြီးဆုံးသော အွန်လိုင်းဂိမ်းပြိုင်ပွဲ တစ်ခုဖြစ်ခဲ့ပြီး ဆုချီးမြှင့်မှုများမှာလည်းပိုမိုများပြားခဲ့သည်။ ပြိုင်ပွဲပြီးဆုံးချိန်တွင် စစ်ငြိမ်းစိုး (Clash Royale အမည် "VizardNs") သည် တယ်လီနော Clash Royale ဂိမ်းပြိုင်ပွဲ၏ အနိုင်ရရှိသူဖြစ်ခဲ့ပြီး ပြည့်ဝန်ထက် (Clash Royale အမည် "Aizeth")က ဒုတိယ၊ တင့်နိုင် (Clash Royale အမည် "TTP<3ZPP") က တတိယနှင့် နိုင်လင်းထွန်း (Clash Royale အမည် "Lee Young Pho") က စတုတ္ထ အသီးသီးရရှိခဲ့သည်။

နှစ်ရက်ကြာမြင့်သည့် အဆိုပါ ဂိမ်းပြိုင်ပွဲကို ဂျန်းရှင်းစီးတီးတွင် ဇွန် ၁၉ ရက်နှင့် ၂၇ ရက်များတွင် ကျင်းပခဲ့ရာ ပြိုင်ဆိုင်မှု ပြင်းထန်ပြီး ရင်ခုန်စိတ်လှုပ်ရှားဖွယ် ပွဲစဉ်များကိုလည်း တွေ့မြင်ခဲ့ရသည်။ အဆိုပါ ဂိမ်းပြိုင်ပွဲကို ပြိုင်ပွဲဝင် ၄၈ ယောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရှုံးထွက်စနစ်ဖြင့် နောက်ဆုံးဗိုလ်လုပွဲစဉ်အထိ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် cos-player များ၊ ဂိမ်းအတွင်းမှ ဇာတ်ကောင်များဖြင့် အလှဆင်ထားသော ဓာတ်ပုံရိုက်ကူးနိုင်သည့် နောက်ခံနံရံများလည်း ပါဝင်ခဲ့ပြီး လာရောက်ကြည့်ရှုသူများလည်း ပါဝင်ကစားနိုင်သည့် အစမ်းပြိုင်ပွဲများလည်း ပါဝင်ခဲ့သည်။

"မြန်မာနိုင်ငံမှာ ဆက်သွယ်ရေးနဲ့ အင်တာနက် အရည်အသွေးတွေ ပိုမိုကောင်းမွန်လာတာနဲ့အမျှ e-sports လို့ခေါ်တဲ့ အွန်လိုင်းဂိမ်းကစားနည်းတွေကို ကစားတဲ့ လူဦးရေကလည်း တဖြည်းဖြည်း တိုးပွားလာတာကို ကျွန်တော်တို့ တွေ့မြင်လာရပါတယ်။ ဒါ့အပြင် တယ်လီနောအနေနဲ့ အကောင်းမွန်ဆုံး 4G/LTE ဝန်ဆောင်မှုတွေကို နိုင်ငံတစ်ဝန်းက မြို့ကြီးတွေမှာ မကြာသေးမီက မိတ်ဆက်ခဲ့တာကြောင့် ဒီ e-sports အသိုင်းအဝိုင်းကလည်း ပိုမိုကျယ်ပြန့်လာမယ်လို့ မျှော်မှန်းရပါတယ်။ ပြည်တွင်းက e-sports အသိုင်းအဝိုင်းကို အားပေးကူညီမှု တစ်စိတ်တစ်ပိုင်းအဖြစ် ဒီလိုပြိုင်ပွဲတစ်ခုကို မြန်မာနိုင်ငံမှာ ပထမဆုံး ကျင်းပနိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အလွန်ပဲ ဝမ်းမြောက်မိပါတယ်။ နောက်ထပ်လည်း ဒီလိုဂိမ်းပြိုင်ပွဲတွေကို ကျင်းပသွားဖို့ အစီအစဉ်တွေရှိတာကြောင့် e-sports ပရိသတ်တွေအနေနဲ့ Facebook မှာ ကျွန်တော်တို့ရဲ့ ( ' Telenor Game On' ) နဲ့ ချိတ်ဆက်ထားဖို့ တိုက်တွန်းချင်ပါတယ်"ဟု တယ်လီနော၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Josiln Myrthong က ပြောသည်။

**ခင်ရတနာ**

# နိုင်ငံတကာအဆင့်မီ ကျောက်ကပ်အစားထိုးလုပ်ငန်းကို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီ

**မင်းထက်အောင် (မန်းကိုယ်ပွား)**

မန္တလေး ဇွန် ၂၉

**မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ကျောက်ကပ်အစားထိုး ခွဲစိတ်ခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်မှစတင်၍ လစဉ် လူနာ နှစ်တွဲနှုန်းဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယခုနှစ်မေလကုန်တွင် ကျောက်ကပ်ဝေဒနာရှင်နှင့်အလှူရှင် ၃၃ တွဲအား အောင်မြင်စွာ ခွဲစိတ်အစားထိုးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိခဲ့ရသည်။**

**ဒေါက်တာဦးမင်းသူ (မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဌာနမှူး ပါမောက္ခ/ဌာနမှူး)**



အဆိုပါ ကျောက်ကပ်အစားထိုးလုပ်ငန်းနှင့် ပတ်သက်၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့် ကျောက်ကပ်ခွဲစိတ်အထူးကုဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးမင်းသူနှင့် တွေ့ဆုံမေးမြန်းခဲ့ရသည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ဆရာ့အနေနဲ့ ဒီဆေးရုံကြီးမှာ ကျောက်ကပ်အစားထိုး လုပ်ငန်းဆောင်ရွက်ခဲ့ပုံတွေကို ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ကျွန်တော်က ဒီဆေးရုံကြီးရဲ့ ဆီးနှင့်ကျောက်ကပ် ဌာနကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ စတင် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

ကျွန်တော့်ရဲ့ ရည်မှန်းချက်က ကျောက်ကပ်အစား ထိုးလုပ်ငန်းကို ပုံမှန်လုပ်ဆောင်သွားဖို့က အဓိကပါ။ ကျွန်တော်မရောက်ခင် ဒီဆေးရုံကြီးမှာ ကျောက်ကပ် အစားထိုးလုပ်ငန်းကို ၂၀၀၁ ခုနှစ်ကနေ ၂၀၀၂ ခုနှစ်အထိ ဆက်တိုက်လုပ်ဆောင်ခဲ့ပေမယ့် နောက်ပိုင်းမှာ အကြောင်း အမျိုးမျိုးကြောင့် ဆက်ပြီးမလုပ်ဆောင်နိုင်ခဲ့ဘူး။ ဒါကြောင့် ကျွန်တော် စရောက်တဲ့အချိန်မှာ ဆေးရုံအုပ်ကြီးနဲ့ ဝန်ကြီး ဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ပြီး ကျောက်ကပ်အစား ထိုး လုပ်ငန်းကိုလုပ်ဆောင်ဖို့ စတင်ပြင်ဆင်ခဲ့ပါတယ်။

ဒီလုပ်ငန်းကိုလုပ်ဖို့ ကျွန်တော်တို့ဌာန တစ်ခုတည်း နဲ့ မပြီးပါဘူး။ ဒီမှာရှိတဲ့ဌာန အားလုံးပူးပေါင်းပါဝင်ပြီး ဆွေးနွေးမှုတွေ အကြိမ်ကြိမ်လုပ်ဆောင်ခဲ့ရတယ်။ နောက်ပြီး ခွဲစိတ်မှုတွေနဲ့ပတ်သက်လို့ အဆင်ပြေစေဖို့ အားလပ်တဲ့အချိန် တိုင်း ခွဲစိတ်မှုတွေ အကြိမ်ကြိမ်လေ့ကျင့်ခဲ့ရတယ်။ လိုအပ်တဲ့ ပြင်ဆင်မှုတွေ ပြည့်စုံသွားတဲ့ အချိန်မှာ ၂၀၁၅ ခုနှစ် စက်တင် ဘာလ ၉ ရက်နေ့မှာ ပထမဆုံးအကြိမ်အဖြစ် ကျောက်ကပ် အစားထိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့တယ်။ ဒီနေ့အထိ ဆိုရင် ၃၃ တွဲ ခွဲစိတ်ကုသမှု အောင်မြင်ခဲ့ပါတယ်။

လူနာရော အလှူရှင်တွေပါ ကျန်းမာစွာရှိနေပါတယ်။ ဒီလုပ်ငန်းကို ပုံမှန်ဖြစ်အောင် လစဉ် နှစ်တွဲနှုန်းနဲ့ အစားထိုး ခွဲစိတ်မှုတွေကို လုပ်ဆောင်နေပါတယ်။ ဒီလုပ်ငန်းက ပထမ ပိုင်းမှာ အခက်အခဲတွေရှိခဲ့ပေမယ့် ဒါတွေကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့တဲ့အတွက် အခုဆို သာမန်ခွဲစိတ်မှုတစ်ခုလိုပဲ လုပ်ဆောင်နိုင်ခဲ့ပါပြီ။ ဒါ့အပြင် ပထမဆုံးအကြိမ် ကလေး ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု လုပ်ငန်းကိုလည်း ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ စင်ကာပူပညာရှင်အဖွဲ့နဲ့အတူ ခုတင် ၃၀၀ ကလေးဆေးရုံက အထူးကုအဖွဲ့တွေနဲ့ ပူးပေါင်း ပြီး ကျောက်ကပ်ဝေဒနာရှင်နဲ့ အလှူရှင်လေးတွဲကို အောင်မြင် စွာ လုပ်ဆောင်နိုင်ခဲ့တယ်။ နောက်ပြီး ကျောက်ကပ်အစားထိုး လုပ်ငန်းကို အခုလုပ်နေတဲ့ တစ်လကိုတစ်ကြိမ်ကနေ နှစ်ကြိမ် တိုးပြီး လုပ်ဆောင်ဖို့ ကြိုးစားနေပါတယ်။

**မေး။ ကျောက်ကပ်အစားထိုးလုပ်ငန်းနဲ့ပတ်သက်ပြီး ထူးခြားတဲ့ ကုသမှုတွေရှိရင် ပြောပြပေးပါဆရာ။**

ဖြေ။ ဒီလုပ်ငန်းအတွက် ထူးခြားချက်တွေ ကြိုးစားထားမှု တွေရှိပါတယ်။ ပထမ ထူးခြားချက်ကတော့ ဆေးရုံ အုပ်ကြီး ဦးဆောင်မှုနဲ့ ကျွန်တော်တို့ ခွဲစိတ်ခန်းမှာ မြန်မာ နိုင်ငံမှာ ပထမဆုံး ကျောက်ကပ်အစားထိုးသီးသန့် ခွဲစိတ်ခန်း နှစ်ခန်းကို ထားရှိလုပ်ဆောင်နိုင်ခဲ့တယ်။ ဒီသီးသန့်ခန်းမှာပဲ



ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသနေမှုကို တွေ့ရစဉ်

ကလေးကျောက်ကပ်အစားထိုးလုပ်ငန်းကို ဆောင်ရွက်ခဲ့ ပါတယ်။

ဒုတိယ ထူးခြားချက်တစ်ခုကတော့ ကျောက်ကပ်အလှူ ရှင်တွေဆီက ကျောက်ကပ်ထုတ်ယူတဲ့ နည်းပညာရပ်ပါပဲ။ အရင် က အလှူရှင်တွေဆီက ကျောက်ကပ်ထုတ်ယူတဲ့အခါ အရေပြား ကို ရှစ်လက်မအရှည်ခွဲပြီး ထုတ်ယူခဲ့ကြရတယ်။

ဒီနှစ် ဖေဖော်ဝါရီလကစပြီး သုံးလက်မအရွယ် အပေါက် ဖောက်ပြီး ထုတ်ယူတဲ့နည်းပညာကို ပထမဆုံးအသုံးပြုပြီး အလှူရှင်ဆီကနေ ကျောက်ကပ်ကို ထုတ်ယူနိုင်ခဲ့ပါတယ်။

ဒီနည်းက ကမ္ဘာ့ကိုရင်ပေါင်တန်းနိုင်တဲ့ နည်းပါပဲ။ လှူတဲ့ အလှူရှင်အတွက် အတော်လေးသက်သာစေပါတယ်။ ခွဲစိတ် ပြီးရင်လည်း နာကျင်မှုက မပြောပလောက်ဘူး။ ဆေးရုံကနေ လေးရက်လောက်နဲ့ အမြန်ဆုံးဆင်းနိုင်ပြီး လုပ်ငန်းခွင်ကို ပြန်ဝင် နိုင်ပါတယ်။ လှူတဲ့သူတွေ ပိုပြီး လှူချင်လာအောင် ဆောင်ရွက် ပေးတာပါ။

**မေး။ ကျောက်ကပ်အစားထိုးလုပ်ငန်းမှာ ကုန်ကျစရိတ်နဲ့ ခွဲစိတ် ပြီးသွားတဲ့ လူနာနဲ့ အလှူရှင်တို့ရဲ့ တုံ့ပြန်မှုကိုလည်း ရှင်းပြပေးပါဦးဆရာ။**

ဖြေ။ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု လုပ်ငန်းတစ်ခုလုံး အတွက် လူနာတစ်ဦးကို ငွေကျပ်သိန်း ၆၀ လောက်ကုန် ပါတယ်။ ဒါတွေအားလုံးကို နိုင်ငံတော်က ထောက်ပံ့ပေးပါတယ်။ မခွဲခင် ကြိုတင်ပြင်ဆင်မှုအပိုင်းတွေဖြစ်တဲ့ တစ်သျှူးနမူနာယူ တာတွေ၊ သွေးစစ်တာတွေအတွက်တော့ လူနာက ကျခံရမှာပါ။ ကျွန်တော်တို့က ခွဲစိတ်ကုသမှုအောင်မြင်သွားပြီးရင်လည်း အလှူရှင်ရော၊ လူနာကိုပါ ပစ်မထားပါဘူး။ အလှူရှင်တွေကို သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်နဲ့ တစ်နှစ်တစ်ကြိမ် စစ်ဆေးပေးသွားမှာပါ။

အလှူခံတဲ့သူကလည်း သူ့ခန္ဓာကိုယ်ထဲမှာ အခြား တစ်ယောက်ရဲ့ကျောက်ကပ်ရှိနေတဲ့အတွက် တုံ့ပြန်မှုမရှိအောင် ဆေးသောက်ရမှာဖြစ်လို့ ရာသက်ပန်စောင့်ရှောက်ပေးသွားရ မှာဖြစ်ပါတယ်။ ကုသမှုအောင်မြင်သွားသူတွေရဲ့ တုံ့ပြန်မှု စကားကိုတော့ ပြီးခဲ့တဲ့ မေလကကျင်းပခဲ့တဲ့ ကမ္ဘာ့ကျောက်ကပ် နေ့ အခမ်းအနားမှာ ဒီလူတွေအားလုံးလာကြပြီး သူတို့ရဲ့အတွေ့ အကြုံတွေကိုပြောကြတယ်။ စုပေါင်းဓာတ်ပုံရိုက်ကြပြီး လူတစ်ဦး ကဆိုရင် သူဟာ ဘဝနှစ်ခုနဲ့ ရှင်သန်နေတဲ့ လူသားပါလို့ ကျေနပ် စွာနဲ့ ပြောသွားခဲ့ပါတယ်။

**မေး။ ကျောက်ကပ်ဝေဒနာရှင်တွေနဲ့ပတ်သက်ပြီး တိုးချဲ့ကုသ နိုင်မယ့် အခြေအနေတွေရှိရင်လည်း ပြောပြပေးစေလိုပါ တယ်။**

ဖြေ။ လက်ရှိ ကျွန်တော်တို့လုပ်နေတဲ့ ကျောက်ကပ်အစားထိုး လုပ်ငန်းက ဆွေမျိုးသားချင်းဆီကပဲ ကျောက်ကပ် အလှူခံပြီး အစားထိုးကုသပေးနိုင်တာပါ။ ဆွေမျိုးဆိုတော့ တစ်သျှူးတူမယ်၊ သွေးတူမယ်ပေါ့။ အခု ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး တိုးချဲ့လုပ်ဆောင်နိုင်ဖို့ ရန်ကုန်မှာ ဓာတ်ခွဲခန်းတစ်ခုကို ထူထောင် နေတယ်။ ဒီနှစ်မကုန်ခင် ပြီးစီးမယ်လို့ ထင်ပါတယ်။ ဒီဓာတ်ခွဲခန်း အောင်မြင်သွားရင် တချို့ဆွေမျိုးသားချင်း လှူမယ့်သူမရှိတဲ့ ကျောက်ကပ်လူနာတွေအတွက် အကြောင်းတစ်ခုခုကြောင့် ရုတ်တရက်သေဆုံးသွားတဲ့ လူနာတွေဆီကနေ ကျောက်ကပ် ကို အလှူခံ ထုတ်ယူပြီး အစားထိုးကုသပေးနိုင်တော့မှာဖြစ် ပါတယ်။ ဒါ့အပြင် မခွဲခင်ကြိုတင်ပြင်ဆင်ရမယ့်လုပ်ငန်းတွေ အတွက် ကုန်ကျစရိတ်ကလည်း သက်သာသွားမှာပါ။

**မေး။ ဆရာတို့ဌာနနဲ့ ပြည်သူတွေအတွက် နေ့စဉ်ကျန်းမာရေး စောင့်ရှောက်မှုပေးနေတဲ့ အခြေအနေတွေကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ကျွန်တော်တို့ဌာနမှာ လူနာတွေအတွက် နေ့စဉ်ပုံမှန် ခွဲစိတ်ပေးနေတဲ့ အခန်းလေးခန်းရှိပါတယ်။သီးသန့် ခန်းနဲ့ ပေါင်းရင် ခြောက်ခန်းပါ။ အဲဒီပုံမှန်အခန်းလေးခန်းမှာ တနင်္လာနေ့ကနေ သောကြာနေ့အထိ ပုံမှန်ခွဲစိတ်မှုတွေ ပြုလုပ် ပေးနေတယ်။ ၂၀၁၆ ခုနှစ်မှာ အကြီးစား၊ အသေးစား ခွဲစိတ်မှု ပေါင်း ၃၅၀၀ အထိ ရှိခဲ့ပါတယ်။ ဌာနမှာ လူနာ အယောက် ၇၀ ပဲ တင်လို့ရပေမယ့် အမြဲတမ်းက ၁၀၀ ကျော် ပါတယ်။ ဆေးရုံကြီးကို အားကိုးပြီး တိုးတက်များပြားစွာ ရောက်လာတဲ့ လူနာတွေ အကြာကြီးစောင့်စရာမလိုအောင် လျင်လျင်မြန်မြန်နဲ့ ကြိုးစားပြီးခွဲစိတ်ပေးနေပါတယ်။ နောက် တစ်ချက်က သင်ကြား ရေးအပိုင်းမှာလည်း ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူတွေကို သင်ကြားပေးနေပါတယ်။ သုတေသနလုပ်ငန်းတွေကိုလည်း အားလုံးတက်ညီလက် ညီလုပ်ဆောင်နေကြပါတယ်။ နိုင်ငံတကာအဆင့်မီ ကုသ နိုင်အောင် ဒီဆေးရုံမှာရှိတဲ့ ဌာနတွေ အားလုံး စည်းစည်း လုံးလုံးနဲ့ပူးပေါင်းပြီး လူနာတွေရဲ့ကျန်းမာရေးကို စောင့်ရှောက် ပေးနေပါတယ်။

အခု ကျွန်တော်တို့ လုပ်ဆောင်နေရတာက လူ ၁၀ ယောက်လောက်လုပ်ရမယ့် အလုပ်တွေကို တစ်ယောက် တည်းနဲ့ လုပ်နေရသလို ဖြစ်နေပေမယ့် ကြိုးစားပြီးလုပ်ပေးနေ တယ်ဆိုတာကို သိစေချင်ပါတယ်။ အရင်တုန်းက ကျောက်ကပ် ထဲမှာ တည်နေတဲ့ ကျောက်ကို ခွဲစိတ်ပြီးထုတ်ခဲ့ရပေမယ့် ဒီနေ့အချိန်မှာတော့ တစ်စင်တီမီတာ အပေါက်လေးဖောက်ပြီး ကျောက်ကို ထုတ်ယူလို့ရနေပါပြီ။ တန်ဖိုးကြီးတဲ့ ကျောက်ချေ စက်တွေလည်း နှစ်လုံးတောင်ရှိပါတယ်။

**မေး။ ကျောက်ကပ်ဝေဒနာရှင်တွေကို အကြံပြုပြောချင်တဲ့ စကားများရှိရင် ပြောပေးပါ ဆရာ။**

ဖြေ။ မြန်မာနိုင်ငံမှာ တစ်နှစ်ကို ကျောက်ကပ်လူနာ ၁၀၀၀၀ ကနေ ၁၅၀၀၀ အထိ ရှိနေပါတယ်။ ကျောက်ကပ် ပျက်စီးနေတဲ့ လူနာတွေအနေနဲ့ အရင်ဆုံးကာကွယ်ခြင်းက ကုသခြင်းထက် ပိုမိုကောင်းမွန်ပါတယ်။ ရောဂါမဖြစ်အောင် ကာကွယ်နေထိုင်ကြပါ။ ရောဂါဖြစ်လာပြီဆိုရင်လည်း အချိန်မီကုသရင် ပျောက်ကင်းနိုင်ပါတယ်။ အချိန်မီကုသခွင့် မရခဲ့လို့ ကျောက်ကပ်ပျက်စီးတဲ့အဆင့်ကို ရောက်နေရင်လည်း လမ်းမဆုံးသေးပါဘူး။

ကျောက်ကပ်အစားထိုးပြီးတော့ သက်တမ်းစေ့ နေထိုင်နိုင်အောင် ကုသပေးနေပါတယ်။ ကျောက်ကပ်အစား ထိုး ခွဲစိတ်ကုသမှုအတွက် ကုန်ကျစရိတ်က ကြီးမားသယောင် ရှိပေမယ့် ကျောက်ကပ်ကို တောက်လျှောက် တစ်သက်လုံး ဆေးနေရမှာနဲ့ နှိုင်းယှဉ်လျှင် အများကြီးသက်သာတဲ့အပြင် စက်ပေါ်မှာ ဆေးနေရင်းနဲ့ မမှန်တာရှိပြီး ခန္ဓာကိုယ်အစိတ် အပိုင်းတွေတဖြည်းဖြည်း ယိုယွင်းပျက်စီးလာရင် သက်တမ်း စေ့နေရမှာမဟုတ်ပါဘူး။ ကျွန်တော်တို့ဆေးရုံကြီးကို အားကိုး ယုံကြည်စွာ လာရောက်ကုသနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းက အခြားနိုင်ငံ တွေထက်မသာရင်တောင် မလျော့ပါဘူးလို့ ပြောချင်ပါတယ်။ ဒါကြောင့် ကျောက်ကပ် ပျက်စီးနေတဲ့ဝေဒနာရှင်တွေအတွက် အဓိကထွက်ပေါက်က ကျောက်ကပ်အစားထိုးခြင်းပါပဲလို့ စကားလက်ဆောင်ပါးချင်ပါတယ်။ ။

# ကျပ် ၅၀၀ တန် ထီဖွင့်ပွဲ ဇူလိုင် ၁ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၂၉**

ဇူလိုင် ၁ ရက်(စနေနေ့) တွင် (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်း ထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

(၄)ကြိမ်မြောက် ကျပ် ၅၀၀ တန်ထီဖွင့်ပွဲ တွင် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားပါရှိသည့် ထီ လက်မှတ်(“က” အက္ခရာမှ အစဉ်လိုက် “ဖ” အက္ခရာထိ) ၂၂ လုံး၊ အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသား မပါရှိသည့် အရန်ထီလက်မှတ် (“ကက” အက္ခရာမှ အစဉ်လိုက် “ကဖ”အက္ခရာထိ) ၂၂ လုံး၊ စုစုပေါင်းအက္ခရာ ၄၄ လုံး၊ ထီစာအုပ် ၃၅၉၉၉၉၂ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်ရန် အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင် ရောင်းချခဲ့ရသဖြင့် ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်း ဖြစ်သည့် ကျပ် ၁၀၇၉၉၉၇၆၀၀၀ ကို ဆုမဲအဖြစ် ခွဲဝေ ပေးမည်ဖြစ်ပါသည်။ ဆုကြီးတစ်ဆုချင်း စနစ်အရ ကျပ်သိန်း ၁၀၀၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀၀၀ နှစ်ဆု၊ ကျပ်သိန်း ၃၀၀၀ သုံးဆု၊ ကျပ် သိန်း ၁၀၀၀ ခြောက်ဆု၊ ကျပ်သိန်း ၅၀၀ ရှစ်ဆု၊ ကျပ် ၃၀၀ သိန်း ကိုးဆု၊ ကျပ် ၁၀၀ သိန်း ကိုးဆု၊ ကျပ် ၅၀ သိန်း ၁၂ ဆု၊ ကျပ် ၃၀ သိန်း ၁၂ ဆုနှင့် ကျပ် ၁၀ သိန်း ၁၃ ဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်မှ အက္ခရာ နှင့် ရှေ့ဂဏန်း ငါးလုံးတူ ၁၀ ယူနစ်အတွက် ကျပ် ၃ သိန်း ၁၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း လေးလုံးတူ ၁၀ ယူနစ် အတွက် ကျပ်နှစ်သိန်း ၁၀၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း သုံးလုံးတူ ၁၂ ယူနစ်အတွက် ကျပ် တစ်သိန်း ၁၂၀၀၀ ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း နှစ်လုံးတူ ခုနစ်ယူနစ်အတွက် ကျပ်ငါးသောင်း ၁၀၀၀၀၀ ဆု အပါအဝင် ဆုမဲပေါင်း ၁၁၃၁၇၅ ဆုဖြစ်သည်။

ယခု(၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေ ထုတ်ပေးခြင်းကို ဇူလိုင် ၁၁ ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆုငွေ များကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စား လှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့နှင့် မန္တလေးမြို့ ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် လျှောက်ထားတင်ပြထုတ်ယူနိုင်ကြောင်း၊ ကျပ် ၁၀ သိန်းနှင့်အောက် ဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်လာလေသိန်းဆုဌာနခွဲရုံး များအပြင် ရန်ကုန်တိုင်းဒေသကြီး ပြင်ပရှိ ပြည်တွင်း အခွန်များဦးစီးဌာန၊ မြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၂၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

(မိုး/ဇလ)

## ဂျီ ၂၀ ထိပ်သီးအစည်းအဝေး၌ ပူတင်နှင့်ထရန့် တွေ့ဆုံဆွေးနွေးဖွယ်ရှိ

**မော်စကို ဇွန် ၂၉**

လာမည့်လတွင် ဂျာမနီနိုင်ငံ၌ကျင်းပပြုလုပ်မည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးပွဲတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ နောက်ထပ်သီးခြားတွေ့ဆုံဆွေးနွေးမှုတစ်ခုပြုလုပ်သွားရန် ကြိုတင်စီစဉ်မှုများ ပြုလုပ်ထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဘရော့က ပြောကြားခဲ့ကြောင်း သိရသည်။

ပူတင်နှင့်ထရန့်တို့သည် ဇူလိုင် ၇ ရက်တွင် ဟမ်ဘာ့ဂ်၌ နှစ်ရက်တာ ကျင်းပမည့်ထိပ်သီးအစည်းအဝေးကို တက်ရောက်ကြမည်ဖြစ်သည်။ ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဆစ်ဂမာဂါဘရီရယ်လ်ထံသို့ အလည်အပတ်သွားရောက်မှုနှင့်အတူ ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် လက်ဘရော့က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အကယ်၍ ထရန့်နှင့်ပူတင်သာ ဆွေးနွေးဖြစ်ခဲ့မည်ဆိုလျှင် ၎င်းတွေ့ဆုံမှုသည် ခေါင်းဆောင်နှစ်ဦး၏ ပထမဆုံးမျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးမှုဖြစ်လာလိမ့်မည်ဟု ၎င်းကပြောကြားခဲ့သည်။

**(အင်န်အိတ်ခ်ျကေ)**

## အဏုမြူလက်နက် ပျံ့နှံ့မှုရပ်တန့်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်ကြရန် ကုလသမဂ္ဂတိုက်တွန်း




**ဂျီနီဗာ ဇွန် ၂၉**

အဏုမြူလက်နက်နှင့် အဏုမြူလက်နက်အဖြစ် အသုံးပြုနိုင်သည့် ပစ္စည်းကိရိယာမှန်သမျှတို့အား တင်ပို့မှုထိန်းချုပ်နိုင်ရေးကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းက အရှိန်အဟုန်မြင့် ကြိုးစားဆောင်ရွက်ကြရန် ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေးအဖွဲ့အကြီးအကဲက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

လက်နက်ဖျက်သိမ်းရေးအဖွဲ့၏ အဆင့်မြင့်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ အီဇူမီနာကာမစ်စုသည် ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် ထိုသို့တိုက်တွန်းတောင်းဆိုမှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လူအမြောက်အမြားသေကျေပျက်စီးစေမည့် အဖျက်လက်နက်များကို ထုတ်လုပ်ရန်လိုအပ်သည့် နည်းပညာများ၊ ကုန်ကြမ်းပစ္စည်းအများအပြားနှင့် သယ်ယူပို့ဆောင်ရေးစနစ်များကို တရားဝင်ထုတ်လုပ်ဖြန့်ဖြူးသူများထံမှတစ်ဆင့် ရရှိနေခြင်းဖြစ်ကြောင်း နာကာမစ်စုက ပြောကြားခဲ့သည်။

အကြမ်းဖက်မှုများကို ကာကွယ်ရန်အတွက် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုနှင့်မှောင်ခိုကူးသည့် လမ်းကြောင်းများကို ကိုင်တွယ်ဖြေရှင်းရာတွင် ပုဂ္ဂလိကတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးမှုသည် အလွန်အရေးကြီးကြောင်း ၎င်းကအလေးအနက်ပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၆၀ တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ခ်ျကေ)**

## မင့်ခ်သဘောတူစာချုပ် အကောင်အထည်မဖော်နိုင်ဟုဆိုကာ အီးယူက ရုရှားနိုင်ငံအား အရေးယူပိတ်ဆို့မှုများ ထပ်မံတိုးမြှင့်

**မော်စကို ဇွန် ၂၉**

ဂျာမနီ၊ ရုရှား၊ ပြင်သစ်၊ ယူကရိန်း စသည့်လေးနိုင်ငံ ချုပ်ဆိုသည့် ယူကရိန်းနိုင်ငံအရှေ့ပိုင်း အပစ်ရပ်စဲရေးသဘောတူညီမှုစာချုပ် မင့်ခ်ကို ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ခြင်းမရှိဟုဆိုကာ အီးယူက ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ထပ်မံတိုးမြှင့်လိုက်ကြောင်း သိရသည်။

ထပ်မံတိုးမြှင့်လိုက်သော သက်တမ်းမှာ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိဖြစ်ကာ စုစုပေါင်းခြောက်လ ထပ်မံသက်တမ်းတိုးမြှင့်လိုက်ကြောင်း သိရသည်။

ထပ်မံသက်တမ်းတိုးမြှင့်လိုက်သည့် အရေးယူပိတ်ဆို့မှုများတွင် ငွေကြေး၊ စွမ်းအင်၊ ကာကွယ်ရေး၊ စစ်လက်နက်နှင့် စစ်ဘက်ကဏ္ဍဆိုင်ရာ ကုန်ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။ ထို့အပြင် ရေနံနှင့်ပတ်သက်သော ရှာဖွေမှုနှင့် တူးဖော်မှုဆိုင်ရာ နည်းပညာနှင့် ဝန်ဆောင်မှုများပေးအပ်ရန် ကန့်သတ်မှုများလည်း ပါဝင်ကြောင်း သိရသည်။




အီးယူသည် ရုရှားနိုင်ငံအနေဖြင့် မင့်ခ်သဘောတူညီချက်အား ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ခြင်းမရှိဟု သတ်မှတ်ပြီး ပိတ်ဆို့မှုသုံးကြိမ်အထိပြုလုပ်ခဲ့ဖူးကြောင်းသိရပြီး ယခုတစ်ကြိမ်နှင့်ဆိုလျှင် လေးကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**



## သမ္မတရှီ ပထမဆုံးအကြိမ်အဖြစ် ဟောင်ကောင်သို့ရောက်ရှိ

**ဟောင်ကောင် ဇွန် ၂၉**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အမိမြေအုပ်ချုပ်မှုအောက် ဟောင်ကောင်ပြန်လည်ရောက်ရှိလာမှု နှစ် ၂၀ ပြည့် နှစ်ပတ်လည်အခမ်းအနားနှင့် ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့၏ ပဉ္စမမြောက်သက်တမ်း ရာထူးအပ်နှင်းပွဲသို့ တက်ရောက်ရန် ဇွန် ၂၉ ရက်တွင် ဟောင်ကောင်သို့ ရောက်ရှိလာခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

ထိုသို့ ဟောင်ကောင်သို့ ရောက်ရှိခြင်းသည် တရုတ်သမ္မတရှီကျင့်ဖျင်အနေဖြင့် ပထမဆုံးဖြစ်ကြောင်းသိရပြီး ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသအတွင်း လေ့လာစစ်ဆေးမှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သမ္မတရှီနှင့် ဇနီး ဖုန်းလိယွမ်တို့သည် ဟောင်ကောင် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမှုဆောင်အရာရှိချုပ် လျန်ချွန်းယင်နှင့် ရွေးကောက်ခံအမှုဆောင်အရာရှိချုပ် ချန်ယွက်နော်တို့ပါဝင်သည့် အဆင့်မြင့်အရာရှိများအား လေဆိပ်တွင် မိန့်ခွန်းပြောခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## လေယာဉ်တင်သင်္ဘောသစ်တစ်စင်း ရုရှားတည်ဆောက်မည်

**မော်စကို ဇွန် ၂၉**

ရုရှားနိုင်ငံသည် လေယာဉ်တင် သင်္ဘောအသစ်တစ်စင်းကို တည်ဆောက်သွားရန် စီစဉ်နေကြောင်း ရေတပ်ပစ္စည်းဝယ်ယူရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ဗစ်တာဘာဆက်ခ်က မကြာသေးမီက ပြောခဲ့သည်။

ယခု တည်ဆောက်မည့် လေယာဉ်တင်သင်္ဘောသစ်သည် ယခင်ကတည်ဆောက်ခဲ့သော ရုရှားနိုင်ငံ၏ တစ်စင်းတည်းသော လေယာဉ်တင်သင်္ဘော ကုဇနက်ဆော့ဗ်ကို ထောက်ပံ့ကူညီမှုများ ပြုလုပ်ရန် ရည်ရွယ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အသစ် တည်ဆောက်မည့် လေယာဉ်တင်သင်္ဘော၏ နမူနာပုံစံသစ်ကို ဒီဇိုင်းရေးဆွဲရေးအဖွဲ့များက စဉ်းစားဆုံးဖြတ်နေကြောင်း စိန့်ပီတာစ်ဘတ်မြို့တွင် ပြုလုပ်သော နိုင်ငံတကာရေကြောင်း ကာကွယ်ရေးပြပွဲတွင် ဘာဆက်ခ်က ပြောကြားခဲ့သည်။ သို့သော်လည်း သင်္ဘောသစ်နှင့် ပတ်သက်သည့် တခြားသော သတင်းအချက်အလက်များကို ၎င်းက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။

ရုရှားနိုင်ငံတွင် ယခင်က တည်ဆောက်ခဲ့သည့် လေယာဉ်တင်သင်္ဘောသည် တန်ချိန် ၆၀၀၀၀ခန့်ရှိပြီး ၁၉၈၅ ခုနှစ်တွင် တည်ဆောက်ခဲ့ကြောင်း သိရသည်။ ၂၀၁၆ခုနှစ်က ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ခြင်းသည် အဆိုပါ လေယာဉ်တင်သင်္ဘော၏ ပထမဆုံးစစ်ဆင်ရေးဖြစ်သည်။

ရုရှားရေတပ်သည် ယခင် တည်ဆောက်ခဲ့သော လေယာဉ်တင်သင်္ဘောကို ၂၀၁၈ခုနှစ်တွင် အဆင့်မြှင့်တင်ရန်စီစဉ်ထားကြောင်းနှင့် အဆင့်မြင့်ရေငုပ်သင်္ဘောနှစ်စင်းကိုလည်း မကြာမီမှာယူသွားမည်ဖြစ်ပြီး ၂၀၂၅ခုနှစ်မတိုင်မီ ဘက်စုံသုံး တိုက်ခိုက်ရေးကမ်းတက်ရေယာဉ် နှစ်စင်းထက်မနည်း ဝယ်ယူသွားမည်ဖြစ်ကြောင်း ဘာဆက်ခ်က ထပ်မံပြောကြားခဲ့သည်။

ထို့အပြင် အက်မိုင်ရယ်တီသင်္ဘောကျင်းက အဆင့်မြင့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော ခြောက်စင်းကို ရုရှားနိုင်ငံ ပစိဖိတ်ရေတပ်သင်္ဘောအုပ်စုအတွက် တည်ဆောက်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာရေကြောင်းကာကွယ်ရေးပြပွဲတွင် ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**



ယခင်က တည်ဆောက်ခဲ့သည့် ရုရှားနိုင်ငံ၏ လေယာဉ်တင်သင်္ဘော အက်မိုင်ရယ် ကုဇနက်ဆော့ဗ်ကို တွေ့ရစဉ်

# ကျောင်းသား ကျောင်းသူများ ကြို/ပို့အတွက် သုံးဘီးဆိုင်ကယ်ပေးအပ်

**မောင်တော ဇွန် ၂၉**

မောင်တောမြို့နယ် ရေမျက်တောင်ကျေးရွာအုပ်စုမှ ငါးခူရ အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ သွားလာမှုအဆင်ပြေစေရေးအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက လှူဒါန်းသော သုံးဘီးဆိုင်ကယ်တစ်စီး ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက မောင်တောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက သုံးဘီးဆိုင်ကယ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တာဝန်ရှိသူများထံ ပေးအပ်ပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ငါးခူရကျေးရွာသည် ၂၀၁၆ ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သောဒေသတစ်ခုဖြစ်သော်လည်း ယခုအခါ ကျောင်းသား ကျောင်းသူများ တည်ငြိမ်အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ - သက္က**

# ဒေသခံပြည်သူနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ဆန်၊ ဆီထောက်ပံ့

**မောင်တော ဇွန် ၂၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် မောင်တောမြောက်ပိုင်းဒေသရှိ ကျေးရွာများသို့သွားရောက်ကာ ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ပဲနှင့် ငါးသေတ္တာဘူးများ ထောက်ပံ့ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မောင်တောခရိုင် မြောက်ပိုင်းဒေသရှိ ဖားဝပ်ချောင်း၊ လောင်းဒုံကြိမ်ချောင်း၊ တရိန်း၊ သာယာကုန်းနှင့် တောင်ပြိုလက်ဝဲမြို့များသို့သွားရောက်ကာ ဒေသခံပြည်သူများအား အားပေးစကားပြောကြားသည်။

အလားတူ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ရဲမှူးချုပ် သူရစန်းလွင်တို့ကလည်း ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အားပေးစကားများ အသီးသီး ပြောကြားကြသည်။

ကျေးရွာအလိုက် ဒေသခံပြည်သူများကလည်း ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာရေးအတွက် ဖြည့်ဆည်းပေးရန်ကိစ္စများနှင့်စပ်လျဉ်း၍ တင်ပြကြရာ ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ခရီးစဉ်အတွင်း ဖားဝပ်ချောင်းကျေးရွာမှ အိမ်ထောင်စု ၁၀၀၊ လောင်းဒုံမှ အိမ်ထောင်စု ၁၂၉ စု ၊ ကြိမ်ချောင်းမှ အိမ်ထောင်စု ၅၀၊ ရန်အောင်မြင်မှ အိမ်ထောင်စု ၈၀၊ တရိန်းကျေးရွာမှ အိမ်ထောင်စု ၈၇ စု၊ သာယာကုန်းကျေးရွာမှ ၄၃ စု၊ သဘော်လုကျေးရွာမှ အိမ်ထောင်စု ၈၂ စုနှင့် တောင်ပြိုမှ အိမ်ထောင်စု ၁၀၈ စု တို့အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ သား၊ ပဲလေးဘူး၊ ငါးသေတ္တာသုံးဘူးနှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇွန် ၂၇ ရက်ကလည်း မောင်တောတောင်ပိုင်းရှိ အင်းဒင်၊ ကျောက်ပန္နူနှင့် ရွှေရင်အေးကျေးရွာများသို့လည်း အလားတူ ထောက်ပံ့ပစ္စည်းများ သွားရောက် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များအား သတင်းစာရှင်းလင်း

**ပဲခူး ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များ သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၉ နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် သတင်းမီဒီယာသမားများ တက်ရောက်သည်။

အခမ်းအနားတွင်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းကအစိုးရအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများမှ သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ပဲခူး (သန့်စင်)

# ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံဆယ်ယူရရှိ



**နေပြည်တော် ဇွန် ၂၉**

ပျက်ကျခဲ့သော Y-8 လေယာဉ်၏ ကျန်ရှိအစိတ်အပိုင်းများ ဆယ်ယူရရှိရေးအတွက် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ ကျွမ်းကျင်ရေငုပ်စစ်သည်များ၊ ဒေသခံ ငါးဖမ်းစက်လှေများပူးပေါင်း၍ လေယာဉ်အမြီးပိုင်းတွေ့ရှိသည့်နေရာအနီးတစ်ဝိုက်၌ ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ တပ်မတော်(ရေ)မှ ဆိုနာစနစ်ဖြင့် ရှာဖွေတွေ့ရှိသောနေရာများသို့ ဒေသခံငါးဖမ်းစက်လှေများက သွားရောက်ရှာဖွေရာ ယနေ့ညနေပိုင်းတွင် လေယာဉ်ကိုယ်ထည် အလူမီနီယံအစိတ်အပိုင်းများအား ထပ်မံဆယ်ယူရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မင်းတပ်မြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး မြို့တွင်းရှိကမ်းပါးများပြိုကျ

**မင်းတပ် ဇွန် ၂၉**

ချင်းပြည်နယ် မင်းတပ်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တွင်းရှိကမ်းပါးများပြိုကျ၍ ရေမြောင်းများပိတ်ဆို့လျက်ရှိကြောင်း သိရသည်။

မြေပြို၍ ရေမြောင်းများပိတ်ဆို့မှုကြောင့် မြို့တွင်းလမ်းများ၌ ရေကြီးရေလျှံမှုများမရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် လမ်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့ပူးပေါင်း၍ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး မိုးရာသီအတွင်း သွားလာရေးအဆင်ပြေစေရန် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးကျော်မင်းက ပြောသည်။

**(ခရိုင် ပြန်/ဆက်)**



# အကြမ်းဖက်ခံရပြီး သေဆုံးသူမိသားစုများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ထောက်ပံ့ငွေပေးအပ်

**မောင်တော ဇွန် ၂၉**

မောင်တောမြို့နယ် စံကားပင်ရင်းကျေးရွာအုပ်စု တရိန်းရွာမှ ကျေးရွာသားလေးဦးသည် ကျွန်းပေါက်ပြုစုကျေးရွာအနီး အကြမ်းဖက်တိုက်ခိုက်ခံရပြီး ယင်းဖြစ်စဉ်တွင် သေဆုံးသွားသူများနှင့် ဒဏ်ရာရရှိသူတို့၏ မိသားစုများအား ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့ ဇောတိကာရုံဘုန်းတော်ကြီးကျောင်း၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အားပေးနှစ်သိမ့်စကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ဝန်ကြီးချုပ်က သေဆုံးသူနှစ်ဦး၏ မိသားစုများအတွက် ငွေကျပ် ငါးသိန်းစီ ဒဏ်ရာရသူတစ်ဦးအတွက် ငွေကျပ် သုံးသိန်းနှင့် ကျန်တစ်ဦးအတွက် ငွေကျပ် နှစ်သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

မောင်တောမြို့နယ် စံကားပင်ရင်းကျေးရွာအုပ်စု တရိန်းကျေးရွာနေ ဦးစံသာ၊ ဦးအောင်ကျော်၊ ဦးကိုကိုသိန်းနှင့် ဦးကျန်သိန်းအောင်တို့သည် ဇွန် ၂၄ ရက်က ကျွန်းပေါက်ပြုစုကျေးရွာအနီး အကြမ်းဖက်သမားများက ဓားဖြင့်တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ဦးအောင်ကျော်နှင့် ဦးကိုကိုသိန်းတို့မှာ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

**သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး**

# မောင်တောမြို့နယ်၌ ရွာသားတစ်ဦးပျောက်ဆုံး၍ အမှုဖွင့်တိုင်ကြား

**နေပြည်တော် ဇွန် ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဂြစ်ချောင်း(မြို့ရွာ)နေ ဦးထွန်းမောင်သည် ဇွန် ၂၅ ရက် နံနက် ၉ နာရီတွင် ခရီးထွက်ခွာသွားရာမှ ပြန်လည်မရောက်ရှိဘဲ ပျောက်ဆုံးနေသဖြင့် ဇနီးဖြစ်သူ မငင်းခီး(ခ)မလှညိုက ယမန်နေ့ ညနေပိုင်းက ငါးခူရနယ်မြေစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ သံသယရှိသူလေးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ဘာသာရေးအဆောက်အအုံအတွင်း၌ ဝတ်ပြုနေသူတစ်ဦးအား လုံဖြင့်ထိုးခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ကြောင်း သံသယရှိသူလေးဦးအား ဇွန် ၂၇ ရက်က ဖမ်းဆီးရမိခဲ့သည်။

မောင်တောမြို့နယ် လိပ်ရမြောက်ရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ဘာသာရေးအဆောက်အအုံ၌ အီနုစ်ဆိုသူအား လူတစ်စုက ချုပ်နှောင်ပြီး လုံဖြင့်ထိုးခဲ့သည့် ဖြစ်စဉ်တွင်ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ လိပ်ရမြောက်ရွာနေ အန္နဝါအီစွလာမ် အပါအဝင် လေး ဦးအား ဇွန် ၂၇ ရက် မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၁၀၀ ကျော်ရှိဟုဆို

**မြစ်ကြီးနား ဇွန် ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း ၂၀၁၇ ခုနှစ် ဇွန်လအထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၀၇ ဦးရှိကြောင်း သိရသည်။

"မြစ်ကြီးနားမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားတာက မြို့ပေါ်မှာဆို စီတာပူရပ်ကွက်၊ တပ်ကုန်ရပ်ကွက်၊ ကျေးရွာအနေနဲ့ကတော့ အထက်မော်ဖောင်ကျေးရွာတွေမှာ အများဆုံးဖြစ်တယ်"ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးကိုကိုကပြောသည်။

ရောဂါဖြစ်တဲ့နေရာမှာလည်း ကလေးတွေက အများဆုံးဖြစ်ကြတယ်။ လူကြီးက ဒီနေ့အထိတော့ နှစ်ယောက်လောက်ပဲရှိသေးတယ်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်တာက ရောဂါပိုးရှိတဲ့ (အေဒိ)ခြင်ကြားကိုက်တဲ့အတွက်ကြောင့် ဖြစ်တာပါ။ ယနေ့အထိတော့ မြို့နယ်အတွင်းမှာ သေဆုံးသူမရှိသေးဘူးလို့ ၎င်းကပြောသည်။

ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခေါင်နော၊ လက်ထောက်ညွှန်ကြားရေးမှူး မျိုးကိုကိုတို့ဦးစီးပြီး ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်းပြီး ရပ်ကွက်/ကျေးရွာအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသော နေအိမ်များအား ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ပေးခြင်း၊ အသိပညာပေးဟောပြောခြင်း၊ ဖုံး၊ သွန်၊ လဲ၊ ခတ် ပြုလုပ်ပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်တာက နေ့ခင်းမှကိုက်တဲ့ခြင်ကြောင့်ဖြစ်ကြောင်း ရောဂါဖြစ်ပွားရာတွင် အပူလွန်ကဲခြင်း၊ အဖျားတက်ခြင်း၊ အနီစပ်များထွက်ခြင်း၊ ဆီးမည်းဝမ်းမည်းများသွားခြင်း၊ မအီမသာဖြစ်ခြင်း စသည့် လက္ခဏာများ တွေ့ရှိရကြောင်း ဦးမျိုးကိုကိုက ရှင်းပြသည်။

မြစ်ကြီးနားမြို့နယ်အတွင်း ၂၀၁၆ ခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၂၄ ဦးရှိခဲ့ပြီး ၂၀၁၇ ခုနှစ် ဇွန် ၂၇ ရက်အထိ ၁၀၇ ဦးရှိနေပြီး ကလေးများ အများဆုံးဖြစ်ပွားနေကြောင်း သိရသည်။

**မင်းရာဇာ (မြစ်ကြီးနား)**

# မင်္ဂလာဒုံမြို့နယ်၌ ဖြစ်ပွားခဲ့သော လေးလောင်းပြိုင်လူသတ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်

**နေပြည်တော် ဇွန် ၂၉**

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်းအပိုင်တွင် ဖြစ်ပွားခဲ့သော လေးလောင်းပြိုင် လူသတ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းတစ်ရပ် ထုတ်ပြန်လိုက်သည်။

သတင်းထုတ်ပြန်ချက်တွင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု ပတ္တမြားမြို့သစ် မြအေးချမ်းသာလမ်း၊ အမှတ်(မရှိ)ကျူးကျော်နေ ဒေါ်ရီရီနွဲ့သည် ၂၀၁၆ခုနှစ် ဇွန် ၂၀ ရက် နံနက် ၆ နာရီခန့်တွင် ရွှေပြည်သာမြို့နယ်မှ ပြန်လာစဉ် ခြံဝင်းတံခါးနှင့် အိမ်ရှေ့တံခါးမကြီးမှာ ပိတ်ထားသဖြင့် အိမ်နီးချင်း မခင်မာချို၊ မအိဖြူနှင့် ကိုကျော်ရွှေတို့နှင့်အတူ ခေါင်းရင်းဘက်ရှိ ပြတင်းတံခါးမှတစ်ဆင့် နေအိမ်အတွင်း ဝင်ရောက် ကြည့်ရှုရာ သမက်ဖြစ်သူ စိုးနောင် (၃၇နှစ်) နှင့် မြေးဖြစ်သူ မောင်ဟန်သူရ (၁၃နှစ်) တို့သည် အိမ်ရှေ့ခန်း၌ လည်းကောင်း၊ သမီးဖြစ်သူ မချယ်ရီပွင့် (၃၄နှစ်) သည် မီးဖိုခန်း၌ လည်းကောင်း၊ မြေးဖြစ်သူ မောင်စွမ်းထက်မြတ် (၈နှစ်) သည် အိပ်ခန်းအတွင်းရှိ အိပ်ရာပေါ်၌ လည်းကောင်း ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့သဖြင့် ထောက်ကြန့်နယ်မြေရဲစခန်း၌ အမှုဖွင့်လှစ်ခဲ့ပြီး မှုခင်းရဲတပ်ဖွဲ့က စစ်ဆေးခဲ့ကြောင်း ဖော်ပြထားသည်။

သေဆုံးသူစိုးနောင်မှာ ဧည့်ခန်းအတွင်း၌ အဝတ်အစားမပါရှိဘဲ ပက်လက်အနေအထားဖြင့် ရင်ဘတ်တွင် ဓားသွားကန့်လန့် ထိုးသွင်းဒဏ်ရာလေးချက်၊ ဇနီးဖြစ်သူ မချယ်ရီပွင့်မှာ မီးဖိုချောင်ခန်းအတွင်း၌ မျက်နှာ၊ ရင်ဘတ်၊ ကျောတို့၌ ဓားထိုးသွင်းဒဏ်ရာ ၁၂ ချက်၊ သားအကြီးဖြစ်သူ မောင်ဟန်သူရမှာ ဧည့်ခန်းအတွင်း၌ ယာဘက်နံစောင်းတွင် ဓားထိုးသွင်းဒဏ်ရာငါးချက်နှင့် သားငယ်ဖြစ်သူ မောင်စွမ်းထက်မြတ်မှာ အိပ်ခန်းအတွင်း အိပ်ရာပေါ်၌ ဓားသွားကန့်လန့် ထိုးသွင်းဒဏ်ရာလေးချက်တို့ဖြင့် တွေ့ရှိခဲ့ပြီး သေဆုံးသူ စိုးနောင်၏ ဝဲဘက်လက်အနီးတွင် အရိုးလေးလက်မ၊ အသွား ခုနစ်လက်မရှိ သတ္တုလက်ကိုင် တပ်ဆင်ထားသော သွေးစွန်းနေသည့် သက်သေခံဓားတစ်ချောင်းကို တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း။



အခင်းဖြစ်ရပ်တွင် တွေ့ရသည့် ယတြာချေထားသော အစီအရင်များကို တွေ့ရစဉ်

ထို့ပြင် သေဆုံးသူ စိုးနောင်၏ အလောင်းအနီးရှိ သွေးကွက်အတွင်း၌ ခြေရာအချို့နှင့် သေဆုံးသူ မောင်စွမ်းထက်မြတ်၏ ခုတင်ဘေးရှိ သွေးစွန်းနေသော ကြမ်းပြင်ပေါ်၌ ဖိနပ်ရာတစ်ခု၊ သွေးများပေကျံနေသည့် စွပ်ကျယ်တစ်ထည်နှင့် သွေးများပေကျံနေသည့် ခြင်ထောင်အား သက်သေခံအထောက်အထားများအဖြစ် သိမ်းဆည်းရရှိခဲ့သည်။ နေအိမ်အတွင်းသို့ ပြစ်မှုကျူးလွန်သူများ ဝင်/ထွက်နိုင်သည့် လမ်းကြောင်းနှင့် ထူးခြားသည့် သဲလွန်စများ မတွေ့ရှိသော်လည်း နေအိမ်ဧည့်ခန်းအတွင်းရှိ စားပွဲပေါ်တွင် ဖြစ်စဉ်မဖြစ်ပွားမီညက သေဆုံးသူ မချယ်ရီပွင့်၏ ဖခင်ဦးခွန်နောင်ပေးထားသော ငွေစက္ကူရောရော ငွေကျပ် ၁၀၅၀၀၀ မှာလည်း ပုံမပျက်ရှိနေခြင်း၊ သေဆုံးသူ မချယ်ရီပွင့်မှာ စိန်နားကပ် ဝတ်ဆင်ထားခြင်းတို့ကြောင့် ပစ္စည်းတစ်စုံတစ်ရာ ရယူလိုမှုကြောင့် လူသတ်လုယက်ခံရခြင်း မဟုတ်ကြောင်း ယူဆနိုင်သည်ဟု ဖော်ပြထားသည်။

လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့ခဲ့သည် လေးလောင်းပြိုင်လူသတ်မှုနှင့် ပတ်သက်သည့် မသင်္ကာဖွယ်လူသုံးဦး၏ ဓာတ်ပုံမှာ တရားလိုဒေါ်ရီရီနွဲ့၏ ထွက်ဆိုချက်အရ ဖြစ်စဉ်မဖြစ်ပွားမီ တစ်ပတ်ကျော်ခန့်က မချယ်ရီပွင့်သည် နေအိမ်အတွင်း ရှိနေစဉ် အိမ်အရှေ့ဘက် ခြံစည်းရိုး၌ ဓာတ်ပုံရိုက်နေသော လူသုံးဦးအား မသင်္ကာသဖြင့် မချယ်ရီပွင့်မှ လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံရိုက်ယူထားခဲ့ခြင်းဖြစ်၍ ဆက်လက် စုံစမ်းဖော်ထုတ်ဆဲဖြစ်ကြောင်းနှင့် သေဆုံးသူ စိုးနောင်သည် ရွှေပြည်သာမြို့နယ်(၁၈)ရပ်ကွက် ဆိပ်ကမ်းသာလမ်းရှိ သဲ/ကျောက်အရောင်းဆိုင် ဖွင့်လှစ်ထားသူ ဦးမြင့်ကြိုင်၊ ဒေါ်တင်တင်ငြိမ်းတို့ထံမှ အုတ်၊ သဲ၊ ကျောက်များကို အကြွေးဝယ်ယူပြီး ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် ငွေကျပ် ၂၇ သိန်း အကြွေးတင်ရာ ဒေါ်တင်တင်ငြိမ်းက ဖုန်းဖြင့် အကြိမ်ကြိမ်တောင်းခံမှုကြောင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် စိုးနောင်က ငွေကျပ် ၁၀ သိန်း ပေး ဆပ်ခဲ့ကြောင်း စစ်ဆေးသိရှိရသည်။

ဖြစ်စဉ်ဖြစ်ပွားသည့် အိမ်ခြံဝင်းအတွင်းနှင့် အပြင်တို့၌ စစ်ဆေးချက်များအရ သေဆုံးသူ မိသားစုတို့ ဗေဒင်၊ ယတြာချေထားသော ပစ္စည်းများ၊ သေဆုံးသူ မချယ်ရီပွင့်၏ ခြေဖဝါး နှစ်ဖက်တွင် အကြွေးပေးရန်ရှိသူ၏ အမည်အား မင်ဖြင့်ရေးသား၍ ယတြာချေထားသည်များ၊ နေအိမ်ဗီရိုအတွင်းမှ မှော်၊ ကဝေ၊ သရဲ၊ တစ္ဆေ၊ ဝိဉာဉ်နှင့် ဂမ္ဘီရအကြောင်းအရာပါ စာအုပ်များ တွေ့ရှိ သိမ်းဆည်းရရှိခဲ့သည်။ အမှုစစ်ရဲတပ်ဖွဲ့အနေဖြင့် တရားလိုနှင့် လွတ်လပ်သော သက်သေ ၁၅၆ ဦး၊ သင်္ကာမကင်းသူ ခုနစ်ဦးတို့အား အသေးစိတ်စိစစ်ခဲ့ရာ အမှုနှင့်ဆက်စပ်သည့် အခြင်းအရာများ ကျူးလွန်သည့် အချက်အလက် အထောက်အထား တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိခဲ့ကြောင်း သိရသည်။

သက်သေခံ ခြေရာများမှာ သေဆုံးသူ စိုးနောင်၏ခြေရာများဖြစ်ပြီး ခုတင်ဘေးတွင် တွေ့ရှိသော ဖိနပ်ရာမှာ တရားလို ဒေါ်ရီရီနွဲ့၏ ဖိနပ်ရာဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ကာ သေဆုံးသူ မချယ်ရီပွင့်သည် တစ်ခါတစ်ရံတွင် အရက်နှင့် ဝိုင်ကိုသောက်လေ့ရှိပြီး နေအိမ်ထမင်းစားခန်းတွင် သောက်လက်စ Grand Royal ဝီစကီပုလင်း၌ အရက်လေးပုံတစ်ပုံကျန်ရှိမှုနှင့် ရေခဲသေတ္တာအတွင်း၌ ဝိုင်အသစ်နှစ်ပုလင်းတို့ တွေ့ရှိခဲ့သည်။ ဓာတုဗေဒဝန်ရုံး၏ စစ်ဆေးချက်အရ စိုးနောင်၏ အစာအိမ်အရည်တွင် အရက်ပါဝင်မှု မတွေ့ရှိရဘဲ မချယ်ရီပွင့်၏ အစာအိမ်အရည်တွင် အရက်ပါဝင်မှု ၀ ဒသမ ၁၆ ရာခိုင်နှုန်း တွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သေဆုံးသူ စိုးနောင်အနီးမှ တွေ့ရှိခဲ့သောဓားမှာ စိုးနောင်၏ ကိုယ်ပိုင်ဓားဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီး ယင်းဓားရိုးတွင် စိုးနောင်၏ DNA စိစစ်တွေ့ရှိရခြင်း၊ ဓားသွားပေါ်ရှိ သွေးများမှာလည်း စိုးနောင်၊ မချယ်ရီပွင့်၊ မောင်ဟန်သူရနှင့် မောင်စွမ်းထက်မြတ်တို့၏ DNA များသာ တွေ့ရှိခဲ့သည်။

သက်သေခံသိမ်းဆည်းရမိထားသော စွပ်ကျယ်မှာ သေဆုံးသူ စိုးနောင်၏ စွပ်ကျယ်ဖြစ်ပြီး စွပ်ကျယ်အား ချွတ်၍ သုတ်ထားသည့် အနေအထားဟု ယူဆခဲ့ရသည်။ ထို့ပြင် စွပ်ကျယ်တွင် ဓားဖြင့် ထိုးထားသော အပေါက်အရာ မရှိဘဲ ခြင်ထောင်ရှိ သွေးများနှင့် စွပ်ကျယ်တွင် ပေကျံနေသည့်သွေးများကို DNA စစ်ဆေးခဲ့ရာ သေဆုံးသူလေးဦးတို့၏ DNA သာတွေ့ရှိရပြီး အခြားပြင်ပ DNA မတွေ့ရကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ဖော်ပြထားသည်။

သေဆုံးသူ စိုးနောင်၏ ဝဲဘက်လက်သန်းတွင် သွေးခြေဥဒဏ်ရာ တွေ့ရှိရသဖြင့် မှုခင်းဆရာဝန်က စစ်ဆေးရာ သက်သေခံဓား၏ သတ္တုအရိုးအား တင်းကျပ်စွာကိုင်ဆောင်၍ အချက်ပေါင်းများစွာထိုးစဉ် ရရှိနိုင်သော သွေးခြေဥဒဏ်ရာဖြစ်ကြောင်းနှင့် သေဆုံးသူ စိုးနောင်မှာ ဘယ်သန်ဖြစ်ကြောင်း၊ သေဆုံးသူတစ်ဦးချင်းစီတွင် တွေ့ရှိရသော ဓားဒဏ်ရာများမှာ သိမ်းဆည်းရမိခဲ့သည့် သက်သေခံဓားဖြင့် ထိုးသွင်းရရှိခဲ့သော ဒဏ်ရာများဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ထို့ပြင် သေဆုံးသူ စိုးနောင်၏ကိုယ်ပေါ်တွင် တွေ့ရှိရသော ကန့်လန့်ပုံ ဓားထိုးသွင်းဒဏ်ရာ လေးချက်မှာလည်း သေဆုံးသူ အနေဖြင့် ပုံမှန်မဟုတ်သော စိတ်ခံ စားမှုမျိုး ဖြစ်ပေါ်ချိန်၌ မိမိကိုယ်ကို ထိုးသွင်းရရှိသည့် ဒဏ်ရာဖြစ်ကြောင်း မှုခင်းဆရာဝန်ကြီးက အတည်ပြုပြောကြားခဲ့သည့်အပြင် အလားတူ အခြားသာဓက ဖြစ်စဉ်မှုခင်းများလည်းရှိကြောင်း။

သေဆုံးသူ စိုးနောင်သည် ဒဿနိကဗေဒတွဲ့ ရရှိထားသူဖြစ်ပြီး စိတ်မြန်လက်မြန် ဆောင်ရွက်တတ်သူဖြစ်ကြောင်း၊ တုတ်၊ ဓားလက်နက်ကိုင်ဆောင်တတ်သည့် အလေ့အထရှိကြောင်း၊ ၎င်းတို့ဇနီးမောင်နှံသည် အိမ်ထောင်မပြုမီ အချိန်မှစ၍ သေဆုံးချိန်အထိ အိမ်ထောင်ရေးပြဿနာများ၊ လူမှုရေးပြဿနာများ ရှိနေခဲ့ကြောင်း၊ အခင်းမဖြစ်မီ သုံးလခန့်မှစ၍ မိသားစု စီးပွားရေးအကျပ်အတည်းများ ကြုံတွေ့နေရကြောင်း၊ ယင်းတို့ မကြာခဏ စကားများမှု ရှိကြောင်း၊ ထိုအချက်များအပေါ်တွင် အကြောင်းပြု၍ စိုးနောင်သည် အအိပ်အစားပျက်မှုများ၊ စိတ်မတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ပတ်ဝန်းကျင်သက်သေများ၏ ထွက်ဆိုချက်များအရ သိရှိရသည်။

ထို့ပြင် ၎င်းတို့မိသားစု၏ အိမ်ထောင်ရေး၊ လူမှုရေးပြဿနာများအား ကောင်းစွာသိရှိထားသူ ရှစ်ဦးကလည်း သက်ဆိုင်ရာ တရားရုံးတွင် ကြိုတင်ထွက်ဆိုချက်များ ပြည့်စုံစွာထွက်ဆိုပေးထားပြီးဖြစ်ကြောင်းနှင့် သက်သေ၊ ကျွမ်းကျင်သူပညာရှင်များ၊ သက်မဲ့သက်သေအထောက်အထားများမှ စစ်ဆေး ပေါ်ပေါက်ချက်များအရ အမှုအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



အခင်းဖြစ်ပွားရာတွင် တွေ့ရသော သက်သေခံဓား

# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်မျှော တားဆီးထိန်းချုပ်ဆောင်ရွက်လျက်ရှိ



တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော တရုတ်နိုင်ငံထုတ် ဝိုင်ပုလင်းများ၊ ဘီယာများနှင့် ခေါက်ဆွဲခြောက်များ

**နေပြည်တော် ဇွန် ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၀၅ စီး၊ သွင်းကုန် ၅၀၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၃၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ်သန်း ၈၀ ခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁ ဒသမ ၁၉၈၄ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၁ ဒသမ ၁၉၈၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၈ ရက်က မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် Nissan UD ၁၂ ဘီးယာဉ်နှင့် ခြောက်ဘီးယာဉ် နှစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော တရုတ်နိုင်ငံထုတ် ခေါက်ဆွဲခြောက် ၈၀၀ Pkgs၊ ဘီယာ ၁၀၀၀ Pkgs၊ ဝိုင်ပုလင်း ၈၀၀ Pkgs နှင့် သယ်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၈၀ ခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မီးသင်္ဂြိုဟ်စက်အသစ်အားအသုံးပြုစဉ် ပေါက်ကွဲမှုဖြစ်ပွား

**ဖြူး ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သဖန်းတန်းကျေးရွာသုသာန်၌ သေဆုံးသူတစ်ဦးအား မီးသင်္ဂြိုဟ်ရာ၌ ပေါက်ကွဲမှုတစ်ခု ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တံခွန်တိုင်ကျေးရွာအုပ်စု သဖန်းတန်းသုသာန်၌ အလှူရှင်ဒေါ်ခင်သန်းက လှူဒါန်းထားသော မီးသင်္ဂြိုဟ်စက်အသစ်တွင် သေဆုံးသူ ဒေါ်တင်ကြည် (၇၈နှစ်)၏ ရုပ်အလောင်းအား မီးသင်္ဂြိုဟ်နေစဉ် ရွာသူ/ရွာသားများက ကျေးရွာဓလေ့ထုံးစံအတိုင်း ပထမဦးဆုံးအကြိမ်အဖြစ် မီးသင်္ဂြိုဟ်ရာ မီးခိုးခေါင်းတိုင်မှာ အပေါ်သို့ မြောက်တက်ကာ သော့ချိတ်၍ ပိတ်ထားသော သံတံခါးနှစ်ချပ်က အချပ်လိုက်ပွင့်ထွက်ပြီး အနီးရှိ အသုဘပို့ဆောင်သူ လူအများအတွင်းမှ ဦးကျော်မြင့်၊ ဦးစန်းဝင်းနှင့် ဦးစိုးဝင်းသန်းတို့ သုံးဦးအားထိမှန်ခဲ့သည်။ ထို့ကြောင့် ဒဏ်ရာရရှိသူသုံးဦးမှာ ဖြူးမြို့နယ် ပြည်သူ့ဆေးရုံ၌ အတွင်းလူနာများအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# မြစ်ကြီးနားမြို့ပေါ်၌ မသင်္ကာဖွယ်တွေ့ရှိသူအား စစ်ဆေးရာဆိုင်ကယ်ကိုးစီးခိုးမှု ပေါ်ပေါက်

**နေပြည်တော် ဇွန် ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သိန်းနိုင် ဦးစီးအဖွဲ့သည် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် ညနေဈေးလမ်းပေါ်၌ ဆိုင်ကယ်တစ်စီးကို တွန်းလာသော မသင်္ကာဖွယ်တွေ့ရှိသည့် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်နေသူ မင်းမင်းအောင် (ခ) မင်းမင်း (၄၀နှစ်) အား စစ်ဆေးရာ အဆိုပါဆိုင်ကယ်ကို ညနေဈေးအနီးမှ ခိုးယူခဲ့ကြောင်း သိရသဖြင့် ဆက်လက်စစ်ဆေးရာ ဆိုင်ကယ်မျိုးစုံငါးစီးကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်သဖြင့် မြစ်ကြီးနားနယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

ဆက်စပ် ဖော်ထုတ်ချက်အရ မြစ်ကြီးနားမြို့နယ် မလိခကျေးရွာနေ မိုးအေး (၄၂နှစ်)၊ တစ်ရွာတည်းနေ အောင်အောင်(၂၄နှစ်)နှင့် ဝိုင်းမော်မြို့ ရပ်ကွက်(၃)နေ ခေါင်ဒိုင်(၃၆နှစ်)တို့မှာလည်း ဆိုင်ကယ်ခိုးမှုကျူးလွန်ထားကြောင်း သိရသဖြင့် ၎င်းတို့သုံးဦးအား ခေါ်ယူစစ်ဆေးခဲ့ရာ မြို့ပေါ်မှ ဆိုင်ကယ်သုံးစီးအား ခိုးယူထားကြောင်း ပေါ်ပေါက်သဖြင့် မြစ်ကြီးနားမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးနေပြီး ဆိုင်ကယ်ပျောက်ဆုံးသော ပိုင်ရှင်များ မိမိတို့ဆိုင်ကယ် ဟုတ်/မဟုတ် အထောက်အထားများ ယူဆောင်၍ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကိုကိုရှုပ**



သိမ်းဆည်းရမိသည့် ဆိုင်ကယ်များကို တွေ့ရစဉ်

# တောင်ငူမြို့တွင်း၌ ယာဉ်တိုက်မှုဖြစ်ပွား၊ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**တောင်ငူ ဇွန် ၂၉**

တောင်ငူမြို့ အမှတ်(၉) ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၇၅/၃)နှင့်(၁၇၅/၄)အကြား ရွှေဘိုလေးကွေ့၌ ဇွန် ၂၈ ရက် ည ၈ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရတောင်ငူ ယာဉ်ထိန်းတပ်ဖွဲ့စု (၁၂)မှ ရဲအုပ်မျိုးလွင်ဦးနှင့်အဖွဲ့သည် တောင်ငူမြို့မရဲစခန်းမှ တာဝန်မှူး ရဲအုပ်အောင်ကျော် ဦးစီးအဖွဲ့နှင့်ပူးပေါင်း၍ စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ကားလမ်းအတိုင်း မြောက်မှ တောင်သို့ ဇေယျာသုခလမ်း (၁၆) ရပ်ကွက် တောင်ငူမြို့နေသူ ဖိုးထူး (ခ)မြစိုးလွင် (၄၀ နှစ်) မောင်းနှင်ပြီး အမှတ်(၁၇)ရပ်ကွက် တောင်ငူမြို့နေသူ ဦးနိုင်လင်း(ခ) ဘခင် (၅၉ နှစ်)လိုက်ပါလာသည့် 8F/ --- လိုက်ထရပ်ယာဉ်သည် အရှိန်လွန်၍ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ ရန်ကုန်မှ မန္တလေးဘက်သို့ နေလင်းဦး (၂၇ နှစ်) ပဲခူးမြို့နေသူမောင်းနှင်ပြီး ကျော်ဇောထက် (၂၀ နှစ်) ပဲခူးမြို့နေသူ လိုက်ပါလာသည့် 3E/---- ၁၂ ဘီးကုန်တင်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့ပြီးနောက် ကားလမ်းအနောက်ဘက်တွင် ၅၀ယ/----ဆိုင်ကယ်ဖြင့် ရပ်တန့်နေသော ဦးဖိုးဖြူ (၄၅ နှစ်) စက်ရုံဟောင်းလမ်း (၁၀) ရပ်ကွက် တောင်ငူမြို့နေသူကို ဆက်လက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် လိုက်ထရပ်ယာဉ်ပေါ်တွင်လိုက်ပါလာသူ ဦးနိုင်လင်းသည် ရရှိသောဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်မောင်း ဖိုးထူး (ခ) မြစိုးလွင် (စိုးရိမ်ရ) နှင့် ဆိုင်ကယ်စီးနင်းသူ ဦးဖိုးဖြူတို့တွင်ဒဏ်ရာများ ရရှိခဲ့၍ တောင်ငူဆေးရုံကြီးသို့ တင်ပို့ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ငူမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တုပ်ကွေးနှင့် ချောင်းဆိုးရင်ကျပ်ရောဂါဖြင့် လူလေးဦးသေဆုံး

**ခန္တီး ဇွန် ၂၉**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် တကားကျေးရွာ၌ ဇွန် ၂၀ ရက်မှစ၍ တုပ်ကွေးနှင့် ချောင်းဆိုးရင်ကျပ်ရောဂါများ ဖြစ်ပေါ်နေမှုကြောင့် ကလေးသုံးဦးနှင့် လူကြီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ တကားကျေးရွာများသို့ အရေးပေါ်ဆေးဝါးများ ကုသပေးနိုင်ရန် ခန္တီးမြို့မှ ဆရာဝန်ကြီးများက စက်လှေဖြင့် ဇွန် ၂၈ ရက် နံနက် ၉ နာရီမှ စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း ခရိုင်ဆရာဝန်ကြီး ဒေါက်တာညွှန့်စိန်ထံမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ခါးပိုက်နှိုက် တစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းဖော်ထုတ်ရေး ရဲတပ်ဖွဲ့ဝင်များသည် ဇွန် ၂၄ ရက်က နယ်မြေအတွင်း မှုခင်းများမဖြစ်ပွားစေရေး၊ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေးအတွက် သတင်းစုံစမ်းဆောင်ရွက်နေစဉ် နံနက် ၁၁ နာရီခွဲတွင် ဗဟန်းမြို့နယ် လင့်လမ်းမှတ်တိုင်၌ YBS ယာဉ်လိုင်း အမှတ် (၆၅)ပေါ်မှ ဆင်းလာသူ ကြည့်မြင်တိုင်မြို့နယ်နေ ဇော်ထွန်းဦး (၂၉နှစ်)အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ထိန်းသိမ်းစစ်မေးရာ ၎င်းလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ ငွေကျပ် ၅၀၀၀နှင့် SAMSUNG J7 အမျိုးအစား ဖုန်းတစ်လုံး တို့ကို တွေ့ရှိရပြီး ယင်းဖုန်း၊ ငွေများနှင့် ပတ်သက်၍ စစ်ဆေးရာ ယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦး လွယ်ထားသော ကျောပိုးအိတ်အတွင်းမှ နှိုက်ယူရရှိခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ ဇော်ထွန်းဦးအား ဗဟန်းမြို့မရဲစခန်းတွင် အမှုဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိပြီး ယင်းသို့ YBS ယာဉ်လိုင်းများပေါ်တွင် ခါးပိုက်နှိုက်မှု ကျူးလွန်သူများကို ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့က ဖမ်းဆီးရမိရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေခဲသေတ္တာ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မြစ်ကြီးနား ဇွန် ၂၉**

မြစ်ကြီးနားမြို့ လယ်ကုန်ရပ်ကွက် နယ်မြေ(၁) အမှတ်(၁၉၅) နေအိမ်၌ ရေခဲသေတ္တာ အပူလွန်ကဲပြီး ဇွန် ၂၉ ရက် နံနက် ၁ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးသို့ နေအိမ်တစ်လုံးမီးလောင်နေကြောင်း သတင်းရရှိသဖြင့် ဒုတိယပြည်နယ်မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးသန်း ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်လေးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၆၀ ခန့်ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဒေါ်ဂျာဆိုင်း (၆၂နှစ်)၏ နေအိမ် မြေစိုက်မီးဖိုချောင်တစ်လုံး မီးလောင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အိမ်ရှင်ဒေါ်ဂျာဆိုင်းအား မြစ်ကြီးနားနယ်မြေရဲစခန်းက အရေးယူထားကြောင်းသိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# အင်းတော်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူများသိမ်းဆည်းရမိ

**အင်းတော် ဇွန် ၂၉**

ကသာမှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်အောင်အောင်သန်းနှင့်တပ်ဖွဲ့ဝင်များ၊ နဘားရဲကင်းစခန်းမှူး ရဲအုပ်ခင်ဇော်ထိုက်နှင့်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန် ၂၉ ရက် နံနက် ၄ နာရီခွဲက မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့နယ် နဘားကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားကားလမ်းနှင့် ကသာ-နဘား ကားလမ်းဆုံ၌ စောင့်ဆိုင်းနေစဉ် အင်းတော်ဘက်မှ စော်မော်ချောင်းဘက်သို့ကင်ဒါ အမျိုးအစား ဆိုင်ကယ်မောင်းနှင်လာသည်ကို တွေ့ရှိသဖြင့် ပူးပေါင်းအဖွဲ့က စစ်ဆေးခဲ့ရာ ၎င်းသည် ကျော်ကျော်(ခ)ကျော်မင်းဦးဖြစ်ကြောင်း သိရှိရပြီး ၎င်းထံမှ ဘိန်းဖြူမှုန့် စုစုပေါင်းအလေးချိန် ၃၆၃ ဂရမ်ခန့်တန်ဖိုးငွေကျပ် ၃၆၃၀၀၀၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြားတစ်ထုပ်လျှင် ၁၉၅ ပြားစီပါ ရှစ်ထုပ် စုစုပေါင်းဆေးပြား ၁၅၆၀ တန်ဖိုးငွေကျပ် ၇၈၀၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ကျော်ကျော် (ခ) ကျော်မင်းဦး (၂၃နှစ်) သဒ္ဒတ်ကုန်းရွာ ပင်လည်ဘူးမြို့နယ်နေသူအား အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

**အောင်ပြည့်စုံ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**
ပုသိမ်မြို့၊ အမှတ်(၉)နယ်မြေ၊ ကြိုးတံတားအနီး၊ ထင်းပုံဆိပ်ကျေးရွာနေ ကျွန်တော် ဦးမျိုးညွန့်၏သား မောင်ထက်အောင်လွင် ၁၄/ပသန(နိုင်) ၂၈၁၇၁၄သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဦးမျိုးညွန့်
၁၄/ပသန(နိုင်)၁၀၃၆၁၂

ဥတ္တရာသီ တောကိုမှီ

**မြောင်းမြမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ရေးကိစ္စများ လာရောက်ရှင်းလင်းပေးပါရန် လဝန်းသစ္စာကုမ္ပဏီအား အကြောင်းကြားခြင်း**
အမှတ် ၁၆(A)၊ ရွှေပင်လုံ(၃)၊ ဆရာစံလမ်း၊ (၂၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားသော လဝန်းသစ္စာကုမ္ပဏီမှ Managing Director ဦးသော်လင်းထွန်းနှင့် မြောင်းမြမြို့နယ် စီမံခန့်ခွဲမှုကော်မတီတို့သည် ၁၁-၁၀-၂၀၁၄ရက်တွင် မြောင်းမြမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းအား တည်ဆောက်ပေးရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ၎င်းစာချုပ်အရ တည်ဆောက်ရေးစီမံကိန်းအား စာချုပ်ချုပ်ဆိုသည့်ရက်မှစ၍ ၂၄လတာကာလအတွင်း အပြီးသတ်တည်ဆောက်အပ်နှံရန် သဘောတူညီခဲ့သော်လည်း ဦးသော်လင်းထွန်းဘက်မှ ပျက်ကွက်ခဲ့သဖြင့် စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ၁၅-၇-၂၀၁၇ရက်နောက်ဆုံးထား၍ မြောင်းမြမြို့နယ် စီမံခန့်ခွဲမှုကော်မတီထံသို့ လာရောက်ရှင်းလင်းရန်နှင့် အဆိုပါနေ့ရက်တွင် လာရောက်ရှင်းလင်းခြင်းမရှိပါက စာချုပ်ပါစည်းကမ်းချက်များအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။
မြို့နယ်စီမံခန့်ခွဲမှုကော်မတီ
မြောင်းမြမြို့

**အမည်မှန်**
မြင်းခြံမြို့၊ အကျဉ်းဦးစီးဌာနနေ ဦးနိုင်လင်းဦး ၉/မခန(နိုင်) ၂၁၅၉၉၉၏သမီးမြင်းခြံမြို့၊ အထက(၄)ဒုတိယတန်းမှ မရွှေဝတ်မှုံ၏ အမည်မှန်မှာ မရွှေရည်ဝတ်မှုံဖြစ်ပါသည်။
မရွှေရည်ဝတ်မှုံ

**ဖခင်အမည်မှန်**
သထုံမြို့ အထက ညောင်ချောင်းသတ္တမတန်းမှ မထီးမှူးဖော၏ ဖခင်အမည်မှန်မှာဦးထွန်းအေး ၁၀/သထန(နိုင်) ၂၅၃၁၃၅ ဖြစ်ပါကြောင်း။
ဦးထွန်းအေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**
**ကြေညာချက်အမှတ်(၂/၂၀၁၇)**
**(SCL)ကုမ္ပဏီနှင့် အများသိစေရန် ကြေညာချက်အပေါ်**
**ပြင်ဆင်ဖြည့်စွက်ချက်**
၂၉-၆-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာ၊ ကြေးမုံကြော်ငြာစာမျက်နှာ(၁၄) နှင့် မြန်မာ့အလင်းသတင်းစာ၊ မြန်မာ့အလင်းကြော်ငြာ စာမျက်နှာ(၁၄)ပါ မြန်မာငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၇)ရှိ အပိုဒ်(၄)ပါ အများပြည်သူများတိုင်ကြားရန် ဖုန်းနံပါတ်အား အောက်ပါအတိုင်း ပြင်ဆင်အသိပေးကြေညာအပ်ပါသည်။
ဖုန်း-၀၁-၃၇၀၁၀၀၊ ၀၁-၃၇၃၁၉၈၊ ၀၁-၃၇၃၉၅၉

**ပြင်ဆင်ဖတ်ရှုပါရန်**
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာနသို့ လုပ်ငန်းအပ်နှံသော အခြေခံပညာကျောင်းများ အသစ်ဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာ ၂၉-၆-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၀)တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေအစား ပြည်ထောင်စုရန်ပုံငွေဟု ပြင်ဆင်ဖတ်ရှုပါရန် အသိပေးကြေညာအပ်ပါသည်။
တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မန္တလေးတိုင်းဒေသကြီး
အဆောက်အအုံဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

**ဦးသန့်ဇော်** PQI အသိအမှတ်ပြုစင်တာ
B.Sc.IC.Q.DA. DMP. MBA. ACCA (pro)
LCCI I,II&III Diploma သင်တန်းများ
3 July 2017 စမည်
I&II Sec(C)Sat-Sun 8:30-10:30 am
Sec(D)Mon to Wed 9:30-11:15am(၃လပြတ်)
Sec(E)Mon to Wed 6:00-7:45 pm (၃လပြတ်)
ORION 09 5115997

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ကုသရေးဦးစီးဌာန အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)တွင် တက်ရောက်ဆေးကုသမှုခံယူနေသောလူနာများအတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးပစ္စည်းများ၊ဓာတ်ခွဲခန်းသုံးဆေးဝါးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များနှင့် ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက်**- ၃၀-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၉ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၃၁-၇-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ အထူးကုဆေးရုံကြီး (မင်္ဂလာဒုံ)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။
တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)
ရန်ကုန်-ပြည်လမ်း၊ ကျိုက္ကလို့ဘုရားအနီး၊ မင်္ဂလာဒုံမြို့နယ်
ဖုန်း-၀၁-၆၃၅၂၉၉၊ ၆၃၇၅၄၁

**ပစ္စည်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ကယားပြည်နယ်၊ လမ်းဦးစီးဌာနရှိ ခရိုင်/အထူးအဖွဲ့များမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်းလုံးရှယ်စုံတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ ဝယ်ယူလိုသော ပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ပါဌာနတွင် ၃၀-၆-၂၀၁၇ ရက်မှစတင်၍ ရုံးချိန်အတွင်း စုံစမ်းရယူနိုင်ပါသည်-
- ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကယားပြည်နယ်
- ဖုန်း-၀၈၃-၂၁၄၉၄
- **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၇-၇-၂၀၁၇ရက်
**အချိန်** ညနေ ၄နာရီ
**တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်ရက်**- ၃၀-၇-၂၀၁၇ရက်
**အချိန်** နံနက် ၁၀ နာရီ
ပစ္စည်းတင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ကော်မတီ
ကယားပြည်နယ်လမ်းဦးစီးဌာန

KBZ BANK
STRENGTH OF MYANMAR

# "KBZ BANK CUP 2017"

(၂၉)ကြိမ်မြောက် (SEA Game အကြို) "KBZ BANK CUP 2017"

လေးနိုင်ငံ ဖိတ်ခေါ် ပြိုင်ပွဲအဖြစ် ကျင်းပပြုလုပ်လျက်ရှိသော

ဘောလုံးအားကစားပြိုင်ပွဲသည်

၂၀၁၇ ခုနှစ် ဩဂုတ်လ (၁၉)ရက်နေ့တွင် မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်မည့်

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (SEA Game) တွင် ဝင်ရောက်ယှဉ်ပြိုင်မည့်

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အတွက် အတွေ့အကြုံကောင်းများ ရရှိပြီး

အားနည်းချက်၊ အားသာချက်များအား အချိန်မီ ပြင်ဆင်ဖြည့်ဆည်းနိုင်ရန်အတွက်

**"ကမ္ဘောဇဘဏ်လီမိတက်"**

မှ

ကျင်းပပြုလုပ်ပေးခြင်းဖြစ်ပါသည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း (၂၉)ကြိမ်မြောက် SEA Game ပြိုင်ပွဲတွင်

အောင်မြင်မှုများ ရရှိနိုင်ပါစေကြောင်း

**"ကမ္ဘောဇဘဏ်လီမိတက်"**

မှ

ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၇၅)

# ရှေ့နေတစ်ယောက် ပေါက်မြောက်အောင်မြင်



ဦးဟန်ညွန့် (ဥပဒေ)

**သူ့မေးခွန်း**

လူငယ်ရှေ့နေတစ်ဦးက ကျွန်တော့်အားမေးသည်။ "ရှေ့နေတစ်ယောက်အောင်မြင်တယ်ဆိုတာ ဘာလဲ ဆရာ။ ဘယ်ပေတံနဲ့ တိုင်းရမလဲ။ ဘယ်အချက်တွေ၊ ဘယ်အရည်အချင်းတွေနဲ့ စံပြုရမလဲ။ ဘယ်လို အောင်မြင်သင့်သလဲ။ ဘယ်လိုပေါက်မြောက်တာလဲ။ ဘယ်လိုကျော်ကြားတာလဲ။ လိုတိုရှင်း၊ ရှင်းပြ၊ ရေးပြပါဆရာ" ဟု သူမေးခြင်းဖြစ်သည်။ သူ့မေးခွန်းက နက်နဲသည်။ ကျွန်တော် ဉာဏ်မီသမျှ ရေးပါရစေ။

**ရှေ့နေ၏ အဓိပ္ပာယ်**

ရှေ့နေ (pleader)ဆိုသည့် စကားရပ်ကို တရားရုံးတစ်ရုံးတွင် မှုခင်းကိစ္စဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး ခေါ်ဝေါ်အသုံးပြုလျှင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အဆိုပါတရားရုံးတွင် အမှုလိုက်ခွင့်ရသူ ရှေ့နေကိုဆိုသည်။ ထို့အပြင် ယင်းစကားရပ် တွင် (၁)ယင်းသို့ အခွင့်ရသော တရားလွှတ်တော်ရှေ့နေနှင့် (၂)ဆိုခဲ့သည့်မှုခင်းကိစ္စတွင် လိုက်ပါဆောင်ရွက်ရန် တရားရုံး ၏ ခွင့်ပြုချက်နှင့် ခန့်ထားသော အခြားသူတစ်ဦးလည်း ပါဝင်သည်။ **[ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄ (ဒ)]**

**ရှေ့နေဆိုသည်မှာ**

ရှေ့နေ (pleader) ဆိုသည်မှာ တရားရုံးတွင် အခြားသူကိုယ်စား တက်ရောက်လျှောက်လဲပိုင်ခွင့် ရှိသူကိုဆိုသည့်အပြင် ထိုစကားရပ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားလွှတ်တော်ရှေ့နေလည်း ပါဝင်သည်။ **[တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၃(က)၊ ၂(၁၅) ]**

**ရှေ့နေဆိုသည်မှာ**

ရှေ့နေဆိုသည်မှာ တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေကို ဆိုသည်။ **[ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၂(င) ]**

**ရှေ့နေဆိုသည်မှာ**

တရားလွှတ်တော်ရှေ့နေနှင့် ရှေ့နေအဖြစ် လိုက်ပါခွင့်ရှိသူကို ဆိုလိုသည်။ **[၁၈၇၉ ခုနှစ် ရှေ့နေလိုက်သူများ အက်ဥပဒေ ပုဒ်မ ၃ ]**

**ရှေ့နေဆိုသည်မှာ**

အမှုလိုက်ပါဆောင်ရွက်ခွင့်ရှိသည့် တရားလွှတ်တော်ရှေ့နေကို ဆိုသည်။ **[စာချွန်တော်အမိန့် လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေများ၊ ၂(င) ]**

**ရှေ့နေလိုက်သူ**

ရှေ့နေလိုက်သူ (Legal Practitioner) ဆိုသည်မှာ တရားလွှတ်တော်ရှေ့နေ (ADVOCATE) သို့မဟုတ် ရှေ့နေ (PLEADER)ကို ဆိုလိုသည်။ **[၁၈၇၉ ခုနှစ် ရှေ့နေလိုက်သူများ အက်ဥပဒေပုဒ်မ ၃ ]**

**တရားလွှတ်တော်ရှေ့နေဆိုသည်မှာ**

တရားလွှတ်တော် ရှေ့နေ (ADVOCATE) ဆိုသည်မှာ ဤဥပဒေပြဋ္ဌာန်း ချက်အရ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် တရားလွှတ်တော်ရှေ့နေများအဆင့်၌ ပါဝင်သည့် တရားလွှတ်တော်ရှေ့နေကို ဆိုသည်။ **[ရှေ့နေများကောင်စီအက်ဥပဒေ၊ ပုဒ်မ ၂(က) ]**

**အခြေခံ**

ရှေ့နေဖြစ်ချင်ရင် ဘယ်လိုအခြေခံရှိရမလဲ။ ဤသို့မေးလျှင် "ရှေ့နေဖြစ်ချင်ရင် ရှေ့နေဖြစ်ချင်တဲ့စိတ် ပထမရှိဖို့လိုတယ်" ဟု ဖြေပါရစေ။ စံပြုသင့်သော အချက်တွေက ဘာတွေလဲ။

ရှေ့နေဖြစ်ချင်မှ ရှေ့နေဖြစ်မည်။ မဖြစ်ချင်၊ မလုပ်ချင်လျှင် အစကတည်းက မဖြစ်နိုင်။ မလုပ်နိုင်။ ဘယ်လိုအတားအဆီးပဲရှိရှိ၊ ဘယ်လိုအခက်အခဲပဲရှိရှိ ရှေ့နေ ဖြစ်ရမည်။ ရှေ့နေဖြစ်အောင်လုပ်မည်ဟူသော ဆုံးဖြတ်ချက် ရှိရမည်။ ဝါသနာဗီဇ ထုံးမွမ်းနေမှ မိမိဝါသနာ၊ မိမိစေတနာ၊ မိမိပညာဖြန့်ဝေပေးနိုင်မည်။ လုံ့လရှိမည်။ ဝီရိယရှိမည်။ အသက်ထက်ဆုံး၊ အအောင်မြင်ဆုံး၊ အပေါက်မြောက်ဆုံး ရှေ့နေမုချ ဖြစ်မည်။ ဤသို့ကျွန်တော်ယုံသည်။

**ဥပဒေအသိ**

ရှေ့နေ၏"အသက်"သည်"ဥပဒေအသိ"ဖြစ်သည်။ ဥပဒေအသိမရှိလျှင် ရှေ့နေမဖြစ်နိုင်။ ဥပဒေပညာမလေ့လာလျှင် ဝါသနာ မည်မျှပါပါ မအောင်မြင်နိုင်။ ဥပဒေသဘောတရားပေါ်များကြွယ်ဝဖို့လိုသည်။ ဥပဒေဘယ်မှာရှိသလဲ။ ရှာဖွေတတ်ရမည်။ လမ်းပြနိုင်ရမည်။ ရွေးချယ်နိုင်ရမည်။ ကျွမ်းကျင်ကြရမည်။ ပြဿနာ၏အဖြေ ပေးနိုင်ရမည်။ ဥပဒေပညာရှင် ပီသသောရှေ့နေဖြစ်မည်။ ကျမ်းမျိုးစုံ၍ ဉာဏ်ဟုန်ပြင်းမည်။ နည်းမျိုးစုံ၍ ရန်ပုံခွင်းမည်။ အများလေးစား အားထားသော ရှေ့နေ၊ ဥပဒေပညာရှင်ပီသမည်။ လူသာသေချင်သေ၊ နာမည် မသေသော ရှေ့နေဖြစ်ပေလိမ့်မည်။ ထာဝစဉ်နာမည် ကျန်နေမည်။

**စာတတ်ရုံဖြင့်**

ဥပဒေပုဒ်မတွေ အလွတ်ကျက်။ ဥပဒေပါမောက္ခပင် အရှုံးပေးလောက်သော ပညာတွေကြွယ်ဝပါ၏။ စာတော်ပါ၏။ သို့သော် လက်တွေ့မရှိ။ စာတတ်ရုံဖြင့် တရားခွင်မှာ အလုပ်မဖြစ်။ ဥပဒေစစ်ပွဲဆင်နွှဲသည့်အခါ အရှုံးနှင့်ရင်ဆိုင်ရတတ်၏။ တက္ကသိုလ်ကောလိပ်အသီးသီးမှ ဥပဒေဘွဲ့ရပြီး (အလုပ်ဝင်ခါစ) ဥပဒေပညာရှင်များ နမူနာထားကြည့်ကြပါ။ တက္ကသိုလ်မှာ စာတွေ့တွေများပါ၏။ ပုဒ်ထီး ပုဒ်မတွေ အလွတ်ကျက်ခဲ့ပါ၏။ သို့သော် တရားရုံးအမှုတွဲ မည်သို့ဖတ်ရမည်မသိ။ ပထမသတင်းပေးတိုင်ချက် (F.I.R) မည်သို့ သက်သေခံတင်သွင်းရမည်မသိ။ သက်သေမည်သို့စစ်မေးရမည်မသိ။ ပြန်လှန်မေးခွန်း မည်သို့မေးရမည်မသိ။ မသိ။ မသိ။ မသိတာတွေ များလှပေသည်။ လက်တွေ့ဘဝများ လေ့လာမှတ်သားဖို့ အချိန်များစွာ ယူကြရပေသေးသည်။

**အရည်အချင်းများ**

ရှေ့နေဖြစ်ဖို့(၁) အသံကောင်းခြင်း၊ (၂) စကားကြွယ်ခြင်း၊ (၃) ယုံကြည်ကိုးစားခြင်း၊ (၄) ဇွဲသတ္တိရှိခြင်း၊ (၅) အတွေးအခေါ်ရင့်ကျက်ခြင်း၊ (၆) မှုခင်းအတွေ့အကြုံများခြင်းစသော အရည်အချင်းများလိုသည်ဟု အသက် ၈၀ အရွယ် ရှေ့နေအိုကြီးက ထောက်ပြသွန်သင်ပါသည်။ ရှေ့နေ၏ အခြေခံဗဟုသုတများဖြစ်သော (၁)သက်သေခံဥပဒေနှင့် ကျင့်ထုံးများ၊ (၂)ရှေ့နေကျင့်ဝတ်များ၊ (၃)အခြေခံယုတ္တိဗေဒပညာ၊ (၄)လူနှင့် လူ့သဘာဝကိုသိရန် လိုအပ်ခြင်း၊ (၅)တရားဥပဒေသဘောကို ပြည့်ပြည့်ဝဝတတ်သိခြင်းတို့လည်း လိုအပ်သည်ဟု အကြံပြုပါသည်။ ဤအချက်များလည်း လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။

**တရားရုံး**

တရားရုံးသည် ဥပဒေနှင့်အညီ တည်ထောင်ထားသော တရားစီရင်ရေး ဆိုင်ရုံးဖြစ်ပါသည်။ ရှေ့နေများ နေ့စဉ်အလုပ်ဆင်းရသောနေရာ၊ ရုံးလည်းဖြစ်ပါသည်။ ရှေ့နေသည် ရှေ့နေကျင့်ဝတ်၊ တရားသူကြီးသည် တရားသူကြီးကျင့်ဝတ်၊ ရဲအရာရှိသည် ရဲအရာရှိကျင့်ဝတ်၊ ဥပဒေအရာရှိသည် ဥပဒေအရာရှိကျင့်ဝတ်၊ ဆရာဝန်သည် ဆရာဝန်ကျင့်ဝတ် စောင့်ထိန်းရသူများ ဖြစ်ပါသည်။ ကျင့်ဝတ်သိက္ခာ မြင့်မြတ်စွာ စောင့်ထိန်းသည်နှင့်အမျှ မိမိတို့၏အဖွဲ့အစည်း ဂုဏ်သိက္ခာမြင့်မားမည် ဖြစ်ပါသည်။ ကျင့်ဝတ်ဖောက်မိသည်နှင့်အမျှ ပြည်သူက သိသည်။ အများကသိသည်။ ဂုဏ်သိက္ခာနှင့် အလုပ်လုပ်ရသော တရားစီရင်ရေးတာဝန်မှာ အများပြည်သူက လေးစားသည်။ အများပြည်သူက အမြဲစောင့်ကြည့်နေသည်။ အမှားနှင့်အမှန်ကို တရားသူကြီးက ဆုံးဖြတ်သည်။ တရားသူကြီး၏ အဆုံးအဖြတ်မှန်၊ မမှန်ကိုမူ ပြည်သူအပေါင်းက စောင့်ကြည့် ဆုံးဖြတ်သည်ဟု ဆိုပါရစေ။ ရှေ့နေရှေ့ရပ်၊ ဥပဒေအရာရှိ၊ ရဲအရာရှိစသည်တို့၏ တရားစီရင်ရေးဆိုင်ရာ တာဝန်များကျေပွန်ခြင်းရှိ၊ မရှိ၊ ကျင့်ဝတ်နှင့်ညီ၊ မညီစသည်တို့ကိုလည်း ပြည်သူအပေါင်းက သုံးသပ်နေမည်။ ဆုံးဖြတ်နေမည်သာ ဖြစ်သည်။ **ပြည်သူနှင့်အတူ** မမေ့စေလို။

**အချက်အလက်မှန်မှ ဥပဒေမှန်မည်**

အမှုတစ်မှုဖြစ်ပြီ။ ဘာမှုလဲ။ ဘယ်အချက်အလက်တွေကိုအခြေခံသလဲ။ ရှင်းပါ။ လင်းပါ။ တိကျပါ။ ဇဝေဇဝါမဖြစ်စေနှင့်။ ထင်ရှားပါစေ။ မှန်ပါစေ။ အမှန်၊ အမှားရောထွေးသွားပြီလား။ ဘယ်ဟာဆန်၊ ဘယ်ဟာဆန်ကွဲ။ သဲသဲကွဲကွဲခွဲထုတ်ပါ။ တရားလိုဘက်က ဘာတင်ပြသလဲ။ တရားခံဘက်က ဘယ်လိုရှင်းမလဲ။ ဘာဥပဒေနှင့်ငြိသလဲ။ ဘာပုဒ်မလဲ။ အချက်အလက်သိမှ ဥပဒေသိမည်။ ဥပဒေသိမှ အချက်အလက်တွေနှင့် တိုက်ဆိုင်မည်။ ဤမူသဘောတွေကို ဥပဒေလောကသားတိုင်းသိပြီးသားပါ။

**ကျွန်တော့်အမှုနိုင်မှာသေချာသလား**

ရှေ့နေတစ်ဦးအား အမှုသည်တစ်ဦးက မေးလေ့မေးထရှိသောမေးခွန်းမှာ " ကျွန်တော့်အမှုနိုင်မှာသေချာသလား" ဆိုသော မေးခွန်းဖြစ်ပါသည်။ အချို့ရှေ့နေများက "နိုင်မှာသေချာတယ်။ အမှုလိုက်ခမည်မျှပေးရမယ်" ဆိုသောသူရှိသည်။

**ရှေ့နေနှစ်မျိုး**

ရှေ့နေနှစ်မျိုးရှိသည်ဟု ဆိုရိုးရှိသည်။

(၁) ပထမအမျိုးအစား- ဥပဒေကို တတ်သိသူ၊

(၂) ဒုတိယအမျိုးအစား-တရားသူကြီးကို ခင်မင်သိကျွမ်းသူ ဟူ၏။

Two Kinds of Lawyers

There are two kinds of lawyers: Those who know the law & Those who know the judge.

**ဥပဒေနှင့်အညီ**

ပထမရှေ့နေတစ်မျိုးမှာ ဥပဒေကို တတ်သိသူဖြစ်ပြီး အမှုကိစ္စမှန်သမျှ ဥပဒေနှင့်အညီ ဆောင်ရွက်မည့် တရားသူကြီးနှင့်တော့ ခင်မင်ရင်းနှီးသိကျွမ်းသူမဟုတ်။ တရားသူကြီးကို တာဝန်ယူသည်ဟုလည်း ဘယ်သောအခါမှ မပြော။ မလုပ်။ ဥပဒေအလုပ်၊ ရှေ့နေအလုပ်ကိုသာ သစ္စာရှိရှိ၊ တာဝန်ကျေကျေ၊ ကျင့်ဝတ်နှင့်အညီ၊ ဥပဒေနှင့်အညီ ဆောင်ရွက်သောရှေ့နေဖြစ်သည်။

**ခင်မင်သိကျွမ်းသူ**

ဒုတိယရှေ့နေမှာ တရားသူကြီးကိုခင်သည်၊ သိသည်၊ ပိုင်သည်ဟူသော အကြောင်းပြချက်ဖြင့် အမှုသည်အား ကတိပေးခြင်း၊ သွေးဆောင်ခြင်းဖြင့် လိုရာဆန္ဒပြည့်ဝစေမည် ပြောသော ရှေ့နေအမျိုးအစားဖြစ်ပေလိမ့်မည်။ ရှေ့နေလောကတွင် ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးမပုပ်အောင် ထမ်းဆောင်ကြရပေလိမ့်မည်။ တရားသူကြီးနှင့်ရှေ့နေ Bench & Bar အပြန်အလှန်သစ္စာထားကြရပေလိမ့်မည်။ ရှေ့နေကျင့်ဝတ်စောင့်ထိန်းသူများပေါ်များလာလေလေ အောင်မြင်သော ဂုဏ်သတင်း ကျော်စောသော၊ အမှုသည်က လေးစားသော၊ ပြည်သူချစ်ခင်ကြည်ညိုသော ဥပဒေပညာရှင်ရှေ့နေကြီးများ ပေါ်များလာပေလိမ့်မည်။ တရားသူကြီးများ အပိုင်းကလည်း ရှေ့နေများအပေါ်လေးစားခြင်း၊ အပြန်အလှန်ထိန်းကျောင်း ကူညီဆောင်ရွက်ခြင်း၊ တရားစီရင်ရေး ဂုဏ်ဒြပ်မြင့်မြတ်စေခြင်းများတိုးပွားလာမည်ကေန်ဖြစ်သည်။ အားနည်းချက်များ၊ အားသာချက်များသုံးသပ်ဖို့ရှိပေမည်။ ဘက်စုံ၊ ထောင့်စုံ ဝေဖန်ဆန်းစစ်ရမည်လည်း ဖြစ်သည်။

**ရှေ့နေကျင့်ဝတ်စောင့်ထိန်းသူများပေါ်များလာလေလေ အောင်မြင်သော ဂုဏ်သတင်း ကျော်စောသော၊ အမှုသည်က လေးစားသော၊ ပြည်သူချစ်ခင်ကြည်ညိုသော ဥပဒေပညာရှင်ရှေ့နေကြီးများ ပေါ်များလာပေလိမ့်မည်။ တရားသူကြီးများ အပိုင်းကလည်း ရှေ့နေများအပေါ်လေးစားခြင်း၊ အပြန်အလှန်ထိန်းကျောင်း ကူညီဆောင်ရွက်ခြင်း၊ တရားစီရင်ရေး ဂုဏ်ဒြပ်မြင့်မြတ်စေခြင်းများတိုးပွားလာမည် ကေန်ဖြစ်**

**စေတနာ**

(၁) ရှေ့နေတစ်ယောက် ပေါက်မြောက်အောင်မြင်သည်ဆိုသည်မှာ ဘယ်ပေတံနှင့် တိုင်းမည်လဲ။ ဘယ်လိုစံထားမည်လဲ။ (၂) ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်ပြည့်စုံသော၊ ဥပဒေဘာသာရပ်များ၊ ရှေ့နေပညာများကို ရိုးရိုးသားသားကျွမ်းကျင်သော ဂုဏ်ဒြပ်များနှင့် ပြည့်ဝသည့်ရှေ့နေများကို စံပြုနမူနာယူသင့်ပါကြောင်း တွေးမိသောကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။





**ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဦးစီးဖွင့်လှစ်သော ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် (နည်းပြ) သင်တန်းဖွင့်ပွဲကို ဇွန် ၂၆ ရက်က သန်လျင်မြို့နယ်ရဲအဆင့်မြင့် မွမ်းမံလေ့ကျင့်ရေးသင်တန်းကျောင်း၌ ပြုလုပ်ရာ ရဲမှူးချုပ် ဝင်းနိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်**

ကိုကြီးတင်

## သီပေါ ဈေးချိုတော်ဈေး သမဝါယမအသင်းအရပ်ရပ်ဆိုင်ရာစည်းဝေး

**သီပေါ ဇွန် ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ဈေးချိုတော်ဈေး သမဝါယမအသင်းလီမိတက်၏ (၂၅)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၃ ရက်က သာသနာ့ဗိမာန်တော် မြို့လယ်ဓမ္မာရုံ၌ကျင်းပရာ သမဝါယမဦးစီးအရာရှိ ဒေါ်ခင်ပြုံးကြည်က အမှာစကားပြောကြားသည်။

အဆိုပါ ဈေးချိုတော်ဈေးသမဝါယမအသင်းသည် ခေါင်းရှက်ဗျပ်ထိုး / ပုံကျဈေးသည်များနှင့် တည်ခင်းဆိုင်ဖွင့်ဈေးသည် ၆၀၈ ဦးနှင့်ဖွဲ့စည်းထားပြီး သာမန်ချေးငွေ၊ အထူးချေးငွေနှင့် အရေးပေါ်ချေးငွေများအတွက် အတိုးနှုန်းချိုသာစွာဖြင့် ငွေကျပ် သိန်းပေါင်း ၂၉၇၅ သိန်းကျော်ဖြင့် လည်ပတ်လျက်ရှိသဖြင့် အခြေခံလူတန်းစားများအတွက် အားကိုးအားထားရာ အသင်းတစ်သင်းဖြစ်ကြောင်း၊ အသင်းနှင့်အသင်းသားများ၏ ငွေကြေးမဆုံးရှုံးစေရေး စဉ်ဆက်မပြတ်တိုးပွားရေး၊ အသင်းသားများ သက်သာချောင်ချိရေးနှင့် အသင်းကြီး ရေရှည်တည်တံ့ခိုင်မြဲရေး တို့အတွက် လုပ်ငန်းဆိုင်ရာဦးတည်ချက်၊ လုပ်ငန်းစဉ်နှင့် နှစ်စဉ်ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းအသင်းဥက္ကဋ္ဌ ဦးအေးကျော်က ပြောသည်။

စိုင်း(သီပေါ)

# စီမံကိန်းဝင်ဆိတ်ခြံများကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**မိတ္ထီလာ ဇွန် ၂၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တိရစ္ဆာန်ကျန်းမာရေး၊ ထုတ်လုပ်မှုနှင့် ဈေးကွက်မြှင့်တင်ရေးမှတစ်ဆင့် အပူပိုင်းဒေသရှိတောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေး စီမံကိန်းတွင် ပါဝင်သည့် မလှိုင်မြို့နယ် ညောင်ကန်ကျေးရွာမှ ဆိတ်မွေးမြူရေးခြံများကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)မှ တာဝန်ရှိသူများက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၇ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ဌာနေကိုယ်စားလှယ် Dr.Murray Maclean နှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်စိုး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်)မှ စီမံကိန်းပညာရှင် အဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်ဦးစီးမှူး ဒေါက်တာဝင်းမြင့်သိန်း၊ မလှိုင်မြို့နယ်ဦးစီးမှူး ဒေါက်တာအေးကိုနှင့် တာဝန်ရှိသူများအဖွဲ့က စီမံကိန်းဝင် ဆိတ်မွေးမြူရေးခြံများကို ကွင်းဆင်း၍ စစ်ဆေးခဲ့ခြင်းဖြစ်သည်။



"ဒီဆိတ်မွေးမြူရေးစီမံကိန်းမှာ ညောင်ကန်ကျေးရွာက ဒေသခံတောင်သူ အိမ်ထောင်စုရှစ်စုရဲ့ ဆိတ်ခြံရှစ်ခြံ ပါဝင်ပါတယ်။ ရွေးချယ်တဲ့အထဲမှာ ပါဝင်တဲ့ဆိတ်ခြံတစ်ခြံကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က တစ်လကို ခြောက်သောင်းကျပ် ထောက်ပံ့ပေးပါတယ်။ ဆိတ်မွေးမြူရေးနဲ့ အစားအစာ ဝယ်ယူကျွေးမွေးဖို့အတွက် ထောက်ပံ့တာပါ။ ဆိတ်စာကို ကျွေးမွေးတဲ့အခါ စီမံကိန်းအတွက် သတ်မှတ်ထားတဲ့ အစာကျွေးနည်းတွေကို မွေးမြူတဲ့သူနဲ့ ကိုက်ညီအဆင်ပြေမယ့် ကျွေးမွေးနည်းစနစ်အတိုင်း ကျွေးမွေးရတယ်။ စီမံကိန်းကာလကို ခြောက်လသတ်မှတ်ထားပြီး တစ်လကို ခြောက်သောင်းကျပ် ထောက်ပံ့ပေးတယ်။ သုံးလပြည့်လို့ ဆိတ်တစ်ကောင်ချင်းစီရဲ့ အလေးချိန်ကို ပြန်ချိန်ကြည့်တဲ့အခါ ၃ ဒသမ ၆ ပိဿာကနေ ၅ ဒသမ ၅ ပိဿာအတွင်း တိုးလာတယ်ဆိုရင် ဆိတ်တစ်ကောင်အတွက် ထပ်ဆောင်း ထောက်ပံ့ငွေ ၁၅၀၀ ကျပ် ထပ်မံပေးမှာဖြစ်ပြီး ၅ ဒသမ ၆ ပိဿာ တိုးရင် ၃၀၀၀ ကျပ် ထပ်ဆောင်းထောက်ပံ့ပေးမှာဖြစ်ပါတယ်။ စီမံကိန်းထဲမှာပါဝင်တဲ့ ဆိတ်မွေးတောင်သူ အိမ်ထောင်စုအနေနဲ့ ဆိတ်အလေးချိန် မှတ်တမ်းစာအုပ်သုံးအုပ်မှာ နေ့စဉ် မှတ်တမ်းရေးသွင်းပေးရပါတယ်"ဟု ယင်းစီမံကိန်းတွင် ပညာရှင်အဖွဲ့ဝင်အနေဖြင့် ပါဝင်ဆောင်ရွက်နေသည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (ရုံးချုပ်)မှ ဒေါက်တာဝေဝေမင်းက စီမံကိန်းဆောင်ရွက်နေပုံကို ရှင်းပြသည်။

တိရစ္ဆာန်ကျန်းမာရေး၊ ထုတ်လုပ်မှုနှင့် ဈေးကွက်မြှင့်တင်ရေးမှတစ်ဆင့် အပူပိုင်းဒေသများရှိ တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေး စီမံကိန်းအတွက် စီမံကိန်းဝင်ဆိတ်ခြံများကို ရွေးချယ်ရာတွင် ဆိတ်ကောင်ရေ အနည်းဆုံး အကောင် ၂၀ ရှိခြင်း၊ မွေးမြူထားသည့်ဆိတ်များ၏ အသက်အရွယ်သည် လေးလသားမှ ခြောက်လကြားရှိခြင်း၊ ခြံရှင်များအနေဖြင့် စီမံကိန်းနှင့် ပူးပေါင်းပါဝင်နိုင်ခြင်းစသည့် အချက်အလက်များအပေါ် အခြေခံ၍ ရွေးချယ်ခဲ့ကြောင်း၊ မလှိုင်မြို့နယ်အတွင်း၌ ညောင်ကန်ကျေးရွာ၊ မြင်းတွင်းကျေးရွာနှင့် အလိမ္မာကန်ကျေးရွာတို့တွင် စုစုပေါင်း ဆိတ်ခြံ ၂၀ ကို စီမံကိန်းဝင်ခြံများအဖြစ် ရွေးချယ်ထားကာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရေလုံလောက်စွာရရှိရေးအတွက် ဂါလန်ငါးသောင်းဆံ့ ရေလှောင်ကန် တည်ဆောက်မည်

**တွန်းဇံ ဇွန် ၂၉**
ချင်းပြည်နယ် တွန်းဇံမြို့ မြို့ပေါ်ရပ်ကွက်များတွင် နေထိုင်သူများ သောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် ဂါလန် ၅၀၀၀၀ ဆံ့ရေလှောင်ကန်ကို မြို့နယ်စည်ပင်သာယာရေးကော်မတီက ယခုဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ၄၉ သန်း အကုန်အကျခံ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း တွန်းဇံမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"အခုလက်ရှိအခြေအနေက သောက်သုံးရေဖူလုံမှု သိပ်မရှိဘူး။ အရင်ရေကန်တွေကလည်း အခု အိမ်ခြေနဲ့ လူဦးရေထပ်တိုးလာတယ်ဆိုတော့ အသစ်တည်ဆောက်မယ့် ရေလှောင်ကန်ကနေပဲ သောက်သုံးရေ ဖူလုံစွာရရှိစေဖို့ အကောင်အထည်ဖော်ရတော့မှာဖြစ်ပါတယ်"ဟု တွန်းဇံမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးနိန်းခင်းပေါင်က ပြောကြားသည်။

တွန်းဇံမြို့နယ်တွင် လက်ရှိအချိန်အထိ ရေဂါလန် ၅၀၀၀ မှ ဂါလန် ၁၀၀၀၀ ဆံ့ ရေလှောင်ကန်ငါးကန်သာရှိပြီး ထိုကန်များတွင် စိမ့်စမ်းရေများကိုသိုလှောင်၍ အသုံးပြုနေရကြောင်း၊ လက်ရှိ ရေအသုံးပြုနေမှု အခြေအနေအရ အဆိုပါရေကန်များတွင် သိုလှောင်ထားသည့်ရေဖြင့် သုံးရေအတွက် လုံလောက်စွာမပေးနိုင်ကြောင်း၊ ရေလှောင်ကန်အသစ် ထပ်မံတည်ဆောက်ပြီးပါက ပေးမည့်ရေအတွက်လည်း စိမ့်စမ်းရေကိုပင် သိုလှောင်အသုံးပြုမည်ဖြစ်ရာ စိမ့်စမ်းရေကိုလည်း ရှာဖွေထားပြီးဖြစ်ကြောင်း ဥက္ကဋ္ဌက ဆက်လက်ရှင်းပြသည်။

တွန်းဇံမြို့ပေါ်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်သူ ဦးထန်ခေါလျန်းက "ရေလှောင်ကန်ကို လုပ်ခွင့်ရမယ့်သူက စေတနာရှိရှိနဲ့ လုပ်ပေးစေချင်တယ်။ ဒါမှလည်း ရေရှည်အသုံးပြုလို့ရပြီး ဒေသခံပြည်သူတွေအတွက်လည်း သောက်သုံးရေအပြင် ကျန်းမာရေးအတွက်ပါ အထောက်အကူပြုသွားမှာဖြစ်တယ်။ အခု လက်ရှိအခြေအနေမှာတော့ ၁၀ ဂါလန်ဆံ့ ရေပုံးတစ်ပုံးကို ငွေ ၂၅၀၊ ၃၀၀ နှုန်းပေးဝယ်ပြီး ချွေတာသုံးနေရပါတယ်"ဟု ပြောသည်။

တွန်းဇံမြို့ပေါ်တွင် ရပ်ကွက်လေးခုရှိပြီး လူဦးရေ ၃၀၀၀ ကျော် နေထိုင်လျက်ရှိရာ ထပ်မံပြောင်းရွှေ့လာမည့်သူများနှင့် တိုးတက်လာမည့် လူဦးရေအတွက် မြို့ကွက်သစ်များဖော်ထုတ်ကာ နေရာချထားမှုများ လုပ်ဆောင်နေကြောင်း၊ ရေလှောင်ကန်ကို လေးဆန်(ခေါဝုန့်)ရပ်ကွက်နှင့် ဂိုးဇန်(ခေါလိုင်)ရပ်ကွက်ကြားရှိ တောင်ထိပ်ပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း တွန်းဇံမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**ချင်းတွင်းသား**

# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

**မြင်းခြံ ဇွန် ၂၉**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများအဖွဲ့သည် မြို့နယ်အတွင်းရှိ စမ်းကျ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဇွန် ၂၄ ရက်က ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

စမ်းကျဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ အသက် ၁၀ နှစ်ပြည့်ပြီး၍ မှတ်ပုံတင်မပြုလုပ်ရသေးသော ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးစောလှမောင်နှင့်အဖွဲ့က ကွင်းဆင်းပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါကျောင်း၌ ကျောင်းတက်နေသော အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် သစ်ပင်ရှည်ကျေးရွာ၊ လယ်သစ်ကျေးရွာ၊ နတ်ထားကျေးရွာ၊ ပျော်ဘွယ်ကျေးရွာနှင့် စံပြကျေးရွာတို့မှ အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား ၆၇ ဦးနှင့် ကျောင်းသူ ၆၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# သတ်မှတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရေးနှင့် အချက်ပြမီးစနစ်မှန်ကန်ရေးအသိပညာပေး

**လယ်ဝေး ဇွန် ၂၉**
လာမည့် စက်တင်ဘာ ၁ ရက်မှစ၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်းနှင့် အမြန်လမ်းအားလုံး၌ ယာဉ်မောင်းအားလုံး အမှန် မီးအချက်ပြမှုသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်ပြေးညီ စတင်ပြောင်းလဲ ကျင့်သုံးကြရမည်ဖြစ်ရာ နေပြည်တော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇွန်လတတိယပတ်က လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ အချက်ပြမီးစနစ်မှန်ကန်ရေး အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် ဦးတင်ထွန်းတို့က အမှာစကားပြောကြားပြီး နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဒေါ်တင်တင်ဌေးက သတ်မှတ်အမြန်နှုန်းထက်ပို၍ မောင်းနှင်မှုမပြုရေးနှင့် အချက်ပြမီးစနစ် မှန်ကန်စွာအသုံးပြုရေးတို့ကို အသေးစိတ်ရှင်းလင်းဟောပြောကာ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ထို့နောက် စစ်ဆေးရေးမှူး(၂) ဦးအောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများက ယာဉ်မောင်းသူများအား ပညာပေးသင်တန်းပို့ချပြီး သင်တန်းတက်ရောက်သူများအား ရေးဖြေ စစ်ဆေးခြင်းနှင့် မော်တော်ဆိုင်ကယ်မောင်း လက်တွေ့စစ်ဆေးခြင်းများ ပြုလုပ်ကာ အောင်မြင်သူ ၄၄၀ အား 'က' ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးခဲ့သည်။

အလားတူ ယင်းနေ့နံနက်ပိုင်းကလည်း လယ်ဝေးမြို့ မ.ထ.သရုံး၌ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်နယ်လှည့်သက်တမ်းတိုးပေးခြင်းနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဆိုင်ကယ်ကယ်ရီမောင်းနှင်သူများအား အချက်ပြမီးစနစ် မှန်ကန်စွာအသုံးပြုရေး အသိပညာပေးဟောပြောခြင်းများကို နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရဲတပ်ဖွဲ့ဝင်ရန် လျှောက်ထားခြင်းအတွက် ပိုအဆင်ပြေအောင် ဆောင်ရွက်ပေးထား

**နန်းယွန်း ဇွန် ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နန်းယွန်းမြို့နယ်မှ ဒေသခံလူငယ်များအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လိုပါက လျှောက်ထားခြင်းနှင့် လူတွေ့စစ်ဆေးခြင်းတို့တွင် ပို၍အဆင်ပြေစေရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်က နန်းယွန်းမြို့နယ်အတွင်းမှ ရဲတပ်ဖွဲ့ဝင်သစ် လျှောက်ထားလိုသူများအနေဖြင့် ဖြည့်စွက်လျှောက်ထားရမည့်ပုံစံများကို ဒုံဟီးမြို့နှင့် ပန်ဆောင်မြို့ ရဲစခန်းများတွင်ပင် ရယူနိုင်ရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ လျှောက်ထားသူများအား ပဏာမ ရွေးချယ်ရာတွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိရာမြို့ဖြစ်သော ခန္တီးမြို့သို့သွားရောက်၍ ရွေးချယ်ခံရပါက လမ်းခရီးဝေးပြီး စရိတ်ကုန်ကျမှုများရှိသည့်အတွက် နန်းယွန်းမြို့နယ်ရဲတပ်ဖွဲ့မှူးပါဝင်သည့် စိစစ်ရေးဘုတ်အဖွဲ့က တာဝန်ယူ၍ စနစ်တကျရွေးချယ်ကာ စိတ်ပညာဆန်းစစ်ဖြေဆိုမှုအတွက် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးက ခေါ်ယူသည့်အခါမှသာ စိတ်ပညာဆန်းစစ်မှု ဖြေဆိုခြင်းကို မုံရွာတွင် လာရောက်ဖြေဆိုရန် စီစဉ်ထားကြောင်း ပြောကြားသည်။

ဇွန် ၂၇ ရက်က ကျင်းပသော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် နန်းယွန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင်၏မေးခွန်းကို ဖြေကြားရာ၌ ဝန်ကြီးက ပြောကြားခြင်းဖြစ်သည်။

နန်းယွန်းမြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်တန်း ကျသူများနှင့် အောင်မြင်သူ လူငယ်များအနေဖြင့် ရဲတပ်ဖွဲ့သို့ ဝင်ရောက်လိုသူများရှိသော်လည်း လက်ရှိအချိန်တွင် ပဏာမ လူတွေ့စစ်ဆေးခြင်းအတွက် ခရိုင်မြို့ဖြစ်သည့် ခန္တီးမြို့အထိ သွားနေရသဖြင့် လမ်းခရီးစရိတ် အခက်အခဲများရှိနေသလို ဒေသခံလူငယ်များမှာ ခန္ဓာကိုယ်သေးငယ်ကြသဖြင့် သတ်မှတ်ထားသည့် အနိမ့်ဆုံးအရပ် သတ်မှတ်ချက်ကို အမျိုးသား ၅ပေ ၃ လက်မနှင့် အမျိုးသမီး ၅ ပေ ၂ လက်မအစား တစ်လက်မစီလျှော့၍ လက်ခံစေလိုကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်က ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**ပုသိမ် ဇွန် ၂၉**
ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပုသိမ်မြို့ရှိ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ(၂)၌ ဇွန် ၂၇ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်က အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှူး ဦးခင်မောင်လှိုင်က အဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ စားသုံးသူပြည်သူများ အန္တရာယ်ကင်းရေးအတွက် ဆောင်ရွက်နေမှုများ၊ တိုင်ကြားမှုများနှင့် အငြင်းပွားမှုများတွင် ပြန်လည်ဖြေရှင်းပေးမှု၊ အရေးယူမည့်နည်းလမ်း အကြံပြုခြင်း၊ တရားစွဲဆိုရန် ညွှန်ကြားခြင်း၊ အစားထိုးလဲလှယ်ပေးစေခြင်းနှင့် တန်ဖိုးပြန်လည်ပေးစေခြင်း စသည်ဖြင့် လိုအပ်သလို ဖြေရှင်းခဲ့ပုံများကို ဆွေးနွေးပြီး အဖွဲ့ဝင်များကလည်း ကဏ္ဍအလိုက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ငါးသယံဇာတထိန်းသိမ်းရေးဟောပြောပွဲနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်

**ခရမ်း ဇွန် ၂၉**
ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောခြင်းနှင့် ငါးမျိုးစိုက်ထည့်ပွဲ၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ဗလာစာအုပ်များလှူဒါန်းပွဲကို ဇွန် ၂၆ ရက်က ခရမ်းမြို့နယ် ကမာမက်စံပြကျေးရွာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှတိုးတို့က အမှာစကားပြောကြားပြီး တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင့်လွင်က ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ပညာပေးဟောပြောကာ ကျောင်းဝင်းအတွင်း၌ မဟော်ဂနီပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် အုပ်ရေ ၁၀၀၀၀ နှင့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်းပြီး ဆက်လက်၍ ကမာမက်ချောင်းအတွင်းသို့ ငါးမြစ်ချင်းနှင့် ငါးခုံးမ ကောင်ရေ ၅၀၀၀၀ ကို စုပေါင်း၍မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**




telenor
၁မိနစ်
၅/-
နဲ့
တယ်လီနောအချင်းချင်း
ဖိုဖိုပြီးပြော
Telenor ရဲ့
ကွက်တိ
သင့်အတွက်အကောင်းဆုံးအစီအစဉ်ကိုရယူလိုက်ပါ
DIAL *979*1#
ဇွန်လ(၅)ရက် မှ ရက်(၉၀) ပရိုမိုးရှင်းအစီအစဉ်
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင်ကြည့်ရှုနိုင်ပါသည်။

ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀/- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဝိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊သီရိရတနာလက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀) ပေါ်တွင်တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation၊ ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈) ထပ်အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄) စီး ၊Security System, CCTV, Fire Protection & Fire Alarm System, Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊
Fitness Center, SPA,
Convenience Store,
လူဦးရေ (၃၀၀) ခန့် စုဝေးနိုင်သည့်
မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော
Clubhouse တစ်ခု ထည့်သွင်း
တည်ဆောက် ထားပါသည်။



■ (၃) ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသော ပန်းခြံ ဥယျာဉ်၊ ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.
အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း) ၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 797-221133, 09 799-332211
09 799-221133

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) အားကစားပစ္စည်းများ
(ခ) စားရိပ်သာသုံးပစ္စည်းများ
(ဂ) ဆေးခန်းသုံးပစ္စည်းများ
(ဃ) အိပ်ရာသုံးပစ္စည်းများ
(င) လုပ်ငန်းသုံးစက်ပစ္စည်းများ
(စ) ရိုက်ကူးရေးသုံးပစ္စည်းများ
(ဆ) ရုံးသုံးစက်ပစ္စည်းများ
(ဇ) ရုံးသုံးပရိဘောဂပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃-၇-၂၀၁၇ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂-၈-၂၀၁၇ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများအား ရုံးအမှတ်(၃၁)၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၆၂၁၈ သို့ဆက်သွယ်ပြီး ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ဝင်းအတွင်းတွင် အောက်ဖော်ပြပါအဆောက်အအုံအား ဆောက်လုပ်ရန်ရှိပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရသည့် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- B.Sc (Sport) ကျောင်းသားအိပ်ဆောင် (၃)ထပ် ၁ လုံး (အလျား ၁၂၀ ပေ×အနံ ၄၄ပေ×အမြင့် ၃၄ ပေ ဖလက်မ) RC Structure အဆောက်အအုံ ပြင်ပ ရေ/မီး၊ အတွင်း ရေ/မီး၊ Aircon ကြွေပြား၊ မိုးကြိုးလွှဲ၊ Apron Drain နှင့် အဝင်/အထွက်လမ်းအပါအဝင်

